ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ၈-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဖြစ်တဲ့ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ကျန်းမာရေးဝန်ကြီးဌာန၏ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ၎င်းအတိုင်း။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ၎င်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ၎င်းအတိုင်း။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ၎င်းအတိုင်း။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ၎င်းအတိုင်း။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ၎င်းအတိုင်း။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ၎င်းအတိုင်း။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ၎င်းအတိုင်း။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ကျန်းမာရေးကိစ္စ။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ဒေသဖွံ့ဖြိုးရေးနဲ့ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ကျန်းမာရေးကိစ္စ ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦး ရှိတဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းထားတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး နှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၉။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်

များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်လိုက်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်း ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် အဆိုအပေါ်မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ တိုင်းရင်းသားတွေ ဟာ ခေတ်အဆက်ဆက်က မိခင်ဘာသာစကားနဲ့ ပညာသင်ကြားခွင့် မရတဲ့အတွက်ကြောင့် အထူးသဖြင့် ဝေးလံခေါင်သီတဲ့နေရာမှာ ပညာရေး နိမ့်ကျနေတယ်ဆိုတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေသာ မိခင်ဘာသာစကားနဲ့ ပညာသင်ကြားခွင့်ရခဲ့ရင် အဆင့်မြင့်ပညာရေးကို လွယ်ကူစွာ သင်ယူလေ့လာနိုင်မှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် မိမိကိုယ်မိမိပဲ ဥပမာ ပေးလိုပါတယ်။ ကျွန်မဟာ ကရင်မိဘနှစ်ဦးကနေပြီး တော့၊ မွေးဖွားလာခဲ့ပြီးတော့ ကျောင်းနေချိန် ရောက်တဲ့အချိန်မှာ မိခင်ဟာ ဆရာမ ဖြစ်တဲ့အတွက်ကြောင့် အိမ်မှာ ကရင်ဘာသာစကားနဲ့ စာတွေကို ရှင်းပြတဲ့အတွက်ကြောင့် မိခင်ဘာသာစကားနဲ့ ပညာရေးကို အခြေခံကောင်းကောင်း ရခဲ့ပါတယ်။ အခု ကျွန်မရဲ့ကလေးအလှည့် ရောက်တော့လည်း မူလတန်းကစလို့ ကရင်လိုတတ်တဲ့ ဆရာမကို အိမ်ကိုခေါ်ပြီးတော့မှ သင်ပေးမှသာလျှင် ကလေးက သေချာနားလည် နိုင်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်တော့ ဖတ်ကားဖတ်၏ အဓိပ္ပာယ် နားမလည်တဲ့ ပြဿနာတွေ ကျွန်မတို့ တိုင်းရင်းသားကလေးတွေမှာ အများကြီး ရင်ဆိုင်နေရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ကလည်းပဲ ရှုထောင့်မျိုးစုံက ဆွေးနွေးပြီး ဖြစ်တဲ့အတွက်ကြောင့် ကျွန်မကတော့ ဒီနေ့ အများနဲ့မတူတဲ့ မိခင်ဘာသာ စကားနဲ့ ပညာသင်ကြားရေးကို အလေးထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဒီပုံ (၃)ပုံမှာ နှိုင်းယှဉ်ပြထားတာဆိုရင် ပထမပုံဟာ ဒါ ကလေးငယ်လေးရဲ့ တုံ့ပြန်မှုပေါ့နော် ဒါ ပထမပုံဟာဆိုလို့ရှိရင် မိခင်ဘာသာစကားကို ကြားတဲ့အခါမှာ ဦးနှောက်က တုံ့ပြန်တဲ့ပုံ ဖြစ်ပါတယ်။ အနီရောင်ဟာ တုံ့ပြန်တာ ဖြစ်ပါတယ်။ ဒုတိယပုံကတော့ တခြားဘာသာစကား၊ တခြားစကားတွေကို ကြားတဲ့အခါမှာ တုံ့ပြန်တဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ တုံ့ပြန်မှု နည်းပါတယ်။ တတိယပုံကတော့ လုံးဝ အသံမရှိတဲ့အချိန်မှာ ရှိတဲ့ဦးနှောက် ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကလေးငယ်တောင်မှ ဒီလိုမျိုး မိခင်ဘာသာစကားကို တုံ့ပြန်နိုင်တယ်ဆိုတာ ဒါ သုတေသနပြုချက်များအရ တွေ့နိုင်ပါတယ်။ ဒီပုံ လေးတွေ၊ ဒီဟာကတော့ မိခင်ဘာသာစကားနဲ့ ပညာသင်ကြားရေးကို ပုံဖော်ထားတာဖြစ်ပါတယ်။ ပထမပုံကတော့ ဒီကလေးတွေဟာ လူနည်းစုအဖွဲ့အစည်းပေါ့နော်၊ ဒေသသုံးစကားတွေကို သင်ကြားပြီး တော့မှ နိုင်ငံသုံးစကား အများသုံးတဲ့စကားကို ပညာရေးကိုသွားတဲ့အခါမှာ အခြေခံမခိုင်တဲ့ အတွက်ကြောင့် အောက်ကိုပြုတ်ကျသွားတဲ့ပုံ ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းရင်းသားနယ်မြေက ကလေး တွေလည်း အဲဒီလိုပါပဲ သူတို့ တောက်လျှောက်ပြောခဲ့တဲ့ သူတို့ရဲ့ ကိုယ်ပိုင်မိခင်ဘာသာစကားနဲ့သာ နားလည်ပြီးတော့ ပထမဆုံး အများသုံးဘာသာစကားဖြစ်တဲ့ ဗမာစာကိုသင်ရတဲ့အခါမှာ လိုက်မမီတော့ ဘဲနဲ့ ပညာရေးမှာ တစ်ဝက်တစ်ပျက် ဖြစ်ရတဲ့ပုံ ဖြစ်ပါတယ်။


ဒုတိယပိုင်းကတော့ ခိုင်မာတဲ့ အုတ်မြစ်တံတားကောင်းကို ကျွန်မတို့ ဆောက်ပေးရပါမယ်။ အဲဒါကတော့ ကလေးတွေကို မူလတန်းအချိန်မှာ မိခင်စာပေနဲ့ စဥ်းစားခိုင်းမယ်၊ စကားပြောခိုင်းမယ် အဲဒါဆိုလို့ရှိရင် သူတို့ဟာ အများသုံးဘာသာစကားကို ကူးပြောင်းတဲ့အခါမှာ လွယ်ကူတဲ့နည်းစနစ်ကို ရရှိပြီးတော့မှ သေချာစွာ ပညာရေးကို သင်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ တိုင်းရင်းသားနယ်မြေမှာ မိခင်ဘာသာစကားနဲ့ သူတို့ဒေသရဲ့ပုံပြင်လေးကို ပြောပြနေတဲ့ မူကြိုကျောင်းတွေမှာ သင်ကြားနေတဲ့ပုံ ဖြစ်ပါတယ်။ ဒီနေ့ကတော့ ကျွန်မ အဲဒီမိခင်ဘာသာစကားနဲ့ ဒေသရဲ့ယဥ်ကျေးမှု တန်ဖိုးအကြောင်းကို ဆက်လက်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဘာသာစကား အများအပြားရှိတဲ့ နိုင်ငံတွေဟာ ဥပမာအားဖြင့် အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်တို့မှာ ဘာသာစကားပေါင်း (၂၀၀)ကျော် ရှိပါတယ်။ အဲဒီမှာရှိတဲ့ ကလေးတွေဟာ ဘာသာစကား (၃)မျိုးနဲ့ ကျောင်းသင်ခန်းစာတွေကို  သင်ယူရပါတယ်။ အဲဒါကတော့ မူလတန်းမှာ မိခင်ဘာသာစကား၊ အလယ်တန်းနဲ့ အထက်တန်းမှာတော့ အများသုံး ဘာသာစကားနဲ့ နိုင်ငံတကာဘာသာစကားတို့  ဖြစ်ကြပါတယ်။ ဘယ်မိခင်ဘာသာစကားနဲ့ မူလတန်းမှာ စာသင်မယ် ဆိုတာကို ကျောင်းအလိုက်၊ ဒေသအလိုက် ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။ ဗဟိုအစိုးရကနေပြီးတော့ ဆုံးဖြတ်ရတာ မဟုတ်ပါဘူး။ ကျောင်းဆရာတွေဟာ ဒေသစကားကို ကျွမ်းကျင်သူတွေ ဖြစ်ပြီးတော့ ဒေသခံက ခန့်ထားပိုင်ခွင့် ရှိပါတယ်။ သင်ရိုးညွှန်းတမ်းကလည်းပဲ ဒေသရဲ့ ယဥ်ကျေးမှုတန်ဖိုး ပါဝင်ရပါမယ်။ ဥပမာအားဖြင့် သင်ရိုးညွှန်းတမ်းထဲမှာ ဇော်က ကနေသည်လို့ ပါလို့ရှိရင် ချင်းဒေသမှာရှိတဲ့ ကလေးတွေ၊ ကချင်ဒေသမှာရှိတဲ့ ကလေးတွေက နားမလည်နိုင်ပါဘူး။ မိခင်ဘာသာစကားနဲ့ စာသင်ရခြင်းရဲ့ အဓိက အောင်မြင်ချက်ကတော့ ဘာသာစကား အခက်အခဲကြောင့် ပညာသင်ယူမှုကို အနှောင့်အယှက်မဖြစ်စေရ ဆိုတဲ့အချက် ဖြစ်ပါတယ်။ မိခင်ဘာသာစကားကို အသိအမှတ်ပြုလိုက်လို့ရှိရင် ကလေးဆီမှာ အခက်အခဲတစ်ခုကို ကျော်လွှားနိုင်ပြီဖြစ်တဲ့အတွက်ကြောင့် ဒီ ကလေးတစ်ဦးချင်းစီမှာ ငြိမ်းချမ်းသွားမယ်။ အဲဒါမှ ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိုလည်း ဆက်လက် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေး ရောင်နီသန်းလာတဲ့အချိန် ဖြစ်တယ်။ အချို့ အဖွဲ့အစည်းတွေ ဆိုလို့ရှိရင်လည်း မတရားအသင်းကနေပြီးတော့ ပယ်ဖျက်ပြီးသား ဖြစ်ပါတယ်။

အဲဒါကြောင့် ကရင်၊ ကရင်နီနဲ့ ကချင်ဒေသတွေမှာ မိခင်ဘာသာစကားနဲ့ သင်တဲ့ကျောင်းတွေ ရှိပြီးသား ဖြစ်ပါတယ်။ နိုင်ငံတော်က အဲဒါကို အသိအမှတ်ပြုလိုက်လို့ရှိရင် ငြိမ်းချမ်းမှုကိုလည်း အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံတော်ရဲ့မူဝါဒတွေ ပြောင်းလဲလာပြီဆိုပေမယ့်လည်း အောက်ခြေမှာ မိခင်ဘာသာစကားနဲ့ စာသင်တာ မဟုတ်ဘဲနဲ့ ကျောင်းချိန် ပြင်ပမှာပဲ တိုင်းရင်းသား စာပေကို သင်ကြားရေးပဲ ဖြစ်နေပါတယ်။ ဆရာ၊ ဆရာမတွေကိုလည်း ချီးမြှင့်ငွေ တစ်လ ကျပ်(၃၀၀၀၀) ကိုလည်း အချို့ဒေသတွေမှာ အခက်အခဲရှိနေဆဲ ဖြစ်ပါတယ်။ အဆိုရှင်ကလည်း တင်ပြချက်မှာ ဦးဝမ်းသူမောင် ရဲ့ ဥပမာကို ဖော်ပြထားပါတယ်။ အဲဒါကလည်း တိုင်းရင်းသားနယ်မြေမှာ ဗမာစာသင် ကြားရေးသာ ဖြစ်နေပါတယ်။ ကိုယ်စားလှယ်တော်တော်များများကလည်း “အ”သုံးလုံး အကြောင်း ဆွေးနွေးသွားကြပါတယ်။ အဲဒီတော့ တိုင်းရင်းသားဒေသတွေမှာ မူလတန်းအဆင့်မှာ မြန်မာစာကို မတတ် တတ်အောင် သင်ကြားရမယ်ဆိုရင်တော့ အရင်ခေတ်တွေကလိုပဲ တိုင်းရင်းသားတွေရဲ့ နှစ်(၆၀)ကျော် လောက် စိတ်ခံစားမှုအတိုင်း ပြောရမယ်ဆိုရင်တော့ ဗမာမှုပြုခြင်းဆိုတဲ့ ဘောင်ကျဥ်းတဲ့ ပညာရေးပဲ ဖြစ်မှာဖြစ်ပါတယ်။ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေနဲ့ အဆင့်မြင့်ပညာရေးက အလှမ်းဝေးနေမှာ ဖြစ်

ပါတယ်။ အဲဒီ ကျွန်မတို့ ဒီမူလတန်းမှာ မိခင်ဘာသာစကား၊ အလယ်တန်းနဲ့ အထက်တန်းမှာ နိုင်ငံရဲ့ ဘာသာစကား၊ ဗမာစာ၊ ကမ္ဘာသုံးစာတွေကို သင်ကြားခြင်းကသာလျှင် ကျွန်မတို့ မျှော်မှန်းတဲ့ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် အင်အားတစ်ရပ် ဖြစ်မှာဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ အဆိုရှင် တင်သွင်းထားတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ အတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးရန်ဆိုတဲ့ အဆိုဟာ ဘောင်ကျဉ်း လွန်းခြင်း၊ ပြည့်စုံမှုမရှိတဲ့အတွက်ကြောင့် မှတ်တမ်းအဖြစ်သာ ထားရှိပေးပြီးတော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်း စာမျက်နှာ ၁၂၊ အပိုဒ် ၃ မှာ ဖက်ဒရယ် ပြည်ထောင်စုမူနဲ့အညီ တိုင်းရင်းသားဘာသာစကားနဲ့ ယဉ်ကျေးမှုကို အားပေးမြှင့်တင်သည့် ပညာရေး စနစ်ကို ဖော်ဆောင်သွားမည် အပိုဒ်ခွဲ(ခ) မိခင်ဘာသာစာပေကို မူလတန်းတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် ထောက်ပံ့မည် ဆိုတဲ့အချက်ဟာ နိုင်ငံတော်ရဲ့ မူဝါဒ နဲ့ အတူတူပဲ ဖြစ်တဲ့အတွက်ကြောင့် ဆက်လက်ဖော်ဆောင်ဖို့ တိုက်တွန်းရင်းနဲ့ ကျွန်မရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ရှင်။ (ဩဘာသံများ)

ကလေးငယ်ရဲ့ မိခင်ဘာသာစကားကို ကြားတဲ့အခါမှာ ဦးနှောက်က တုံ့ပြန်နေပုံ (ဗ)



တခြားဘာသာစကား၊ တခြားစကားတွေကို ကြားတဲ့အခါ တုံ့ပြန်ချိန် ပုံများ (ဗ-၁)




မိခင်ဘာသာစကားနှင့် ဒေသရဲ့ ယဉ်ကျေးမှုတန်ဖိုးပြပုံ (ဗ-၂)



**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။ ကျွန်မ ဆွေးနွေးမယ့် အကြောင်းအရာကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် ၏ အဆိုအား အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်၏ ဆွေးနွေးချက်တွင် တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေးနှင့် အဆင့်မြင့်ပညာ သင်ကြားနိုင်ရေး တိုင်းရင်းသားစာပေ ထွန်းကားရေးတို့သည် ခေတ်အဆက်ဆက် ကြားနေရသော ကြွေးကြော်သံများ ဖြစ်သော်လည်း အဆိုရှင်၏ ပြောကြားချက်တွင် ပါသည့်အတိုင်း ယခုအဆိုသည် ပညာရေးကဏ္ဍ တစ်ခုထက် အမျိုးသားနိုင်ငံရေးဆိုင်ရာ ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရခိုင်မြဲရေး အဆိုတစ်ရပ်လည်း ဖြစ်ပါတယ်ရှင်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် အဆိုရှင်၏ ဆွေးနွေးချက်သည် ပညာရေးဖွံ့ဖြိုး တိုးတက်ရန် ငြိမ်းချမ်းရေးသည် အရေးကြီးကြောင်း ပညာရေးနှင့် ငြိမ်းချမ်းရေး ဆက်စပ်နေကြောင်းကို တွေ့ရှိရပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ လူမျိုးပေါင်းစုံ နေထိုင်သော Multi Nation State ဖြစ်၍ အဆိုရှင် ဆွေးနွေးသလို လူမျိုးစုအကြား တန်းတူရည်တူ ရှိမှုဟာလည်း အလွန်အရေးကြီးလှပါတယ်ရှင်။ လူမျိုးတို့သည် သဘာဝက ဖန်တီးပေးထားသည့် တစ်ဒေသနှင့် တစ်ဒေသ ဘာသာစကား၊ ယဉ်ကျေးမှုတို့ ကွဲပြားခြားနားနေကြပြီး ထိုသူတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ထိန်းသိမ်းခွင့်ရှိရန်လည်း လိုအပ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံဟာ ကိုလိုနီအစိုးရ၏ အမွေဆိုးဖြစ်သော တိုင်းရင်းသားအချင်းချင်းဖြစ်ပွားသည့် ပြည်တွင်းစစ်များကြောင့် လူမျိုး၊ ဘာသာမရွေး စစ်၏ဒဏ်ကို အလူးအလဲ ခံစားနေရတာလည်း ဖြစ်ပါတယ်ရှင်။ ထိုပြည်တွင်းစစ်ကို အဆုံးသတ်ရေးအတွက် အစိုးရအဆက်ဆက် ကြိုးစားလာခဲ့သည်ကို ၂၀၁၀ မှစ၍ တက်လာသော ဒီမိုကရေစီ အစိုးရလက်ထက်တွင် ပို၍ သိသာထင်ရှားလှပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို နံပါတ်တစ် ဦးစားပေးနေရာထားရှိပြီး တိုင်းပြည်၏မူဝါဒများ ဖော်ဆောင်ရန်လည်း လိုအပ်ပါတယ်ရှင်။ ထိုတိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲရန် အာဃာတ ကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကိုအခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေချင်သည်မှာလည်း ပြည်သူများရဲ့ အဓိကမျှော်လင့်ချက်လည်း ဖြစ်ပါတယ်ရှင်။ လူတိုင်းဟာ လွတ်လပ်၍ တူညီသောအခွင့်အရေး ရရှိမယ်၊ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်ရရှိမယ်ဆိုရင် ကျွန်မတို့ဟာ ဖက်ဒရယ်ပြည်ထောင်စုကို

ဦးတည်ပြီး တိုင်းရင်းသားအချင်းချင်းအကြား ဖြစ်ပေါ်နေသောပြဿနာများကို အပြန်အလှန် ဆွေးနွေးမှုဖြင့် စားပွဲဝိုင်းဖြေရှင်းနည်းဖြင့် ဖြေရှင်းရမှာ ဖြစ်ပါတယ်ရှင်။ ထိုကဲ့သို့ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးပြီး ငြိမ်းချမ်းရေးသည် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အင်မတန်မှလည်း အရေးကြီးပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်၏ ဆွေးနွေးချက်တွင် ပါသည့်အတိုင်း မြန်မာနိုင်ငံမှာ ဘွဲ့တွေ တစ်သီကြီးရလို့ ပညာတတ်တယ်၊ စာတတ်တယ်လို့ ဆိုလို့မရဘဲ အမှန်ကို အမှန်တိုင်းသိ၊ အမှားကို အမှားတိုင်းသိဖို့ အရေးကြီးပါတယ်ရှင်။ ပညာတတ်တွေများမှ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးလာမှာဖြစ်ပြီး ပညာချို့တဲ့သောကြောင့် မြန်မာနိုင်ငံဟာ ခေတ်နောက်ကျနေရခြင်း ဖြစ်တယ်ဆိုတာ အမှန်ချည်းမဟုတ်တောင် အမှားလို့လည်း ပြောလို့မရပါဘူးရှင်။ ထို့ကြောင့် တိုင်းရင်းသားအရေးနှင့် ပညာရေးကို ဆွေးနွေးတဲ့အခါ ဖက်ဒရယ်ပြည်ထောင်စုမူနဲ့အညီ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို အားပေးမြှင့်တင်တဲ့ ပညာရေးစနစ်ကို ဖော်ဆောင်ရမှာလည်း ဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံဟာ လူမျိုးပေါင်းစုံနေထိုင်သောနိုင်ငံဖြစ်သည့်အတွက် မူလတန်းအဆင့်တွင် တိုင်းရင်းသားမိခင်ဘာသာစကား၊ နိုင်ငံသုံး၊ နိုင်ငံတကာသုံးများ သင်ပေးနိုင်ရန်လည်း လိုအပ်သောအခြေအနေအကြောင်းအရာများ စဉ်းစားရန် လိုအပ်ပါတယ်ရှင်။ ဒီနေရာမှာ အဆိုရှင်ဟာ ဘာသာပြန်လုပ်ငန်းကို အားပေးမြှင့်တင်ရန်လို့ ဆိုထားပါတယ်ရှင်။ ကျွန်မတို့ စဉ်းစားရမှာ လက်ရှိ သင်ရိုးညွှန်းတမ်းဖတ်စာများအား တိုင်းရင်းသားဘာသာစကားလို့ တိုက်ရိုက်ပြန်ရင်လည်း ထိုကလေးငယ်များအတွက် သင့်လျော်မှု ရှိ/မရှိ။ လက်ရှိတွင် တိုင်းရင်းသားများအား မူလတန်းအဆင့်တွင် မိခင်ဘာသာစကား သင်ကြားခွင့် ပြုထားသော်လည်း ကျောင်းပြင်ပချိန်တွင် သင်ကြားနေရမှုတွေဟာ တကယ်တမ်း ထိရောက်မှု ရှိ/မရှိကိုလည်း လက်တွေ့ကျကျ စဉ်းစားရန် လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်၏ ဆွေးနွေးချက်ဟာ ပညာရေးကိုအခြေခံသော ငြိမ်းချမ်းရေး ဖြစ်စဥ် ဖြစ်ပါတယ်ရှင်။ သို့ရာတွင် တိုင်းရင်းသားစာပေထွန်းကားရေး၊ စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးတို့အတွက် တိကျတဲ့နည်း၊ လုပ်ရမယ့်လုပ်ဆောင်ချက်တွေ မပါဝင်တာကိုလည်း တွေ့မြင်ရပါတယ်ရှင်။ သို့တိုင်အောင် Radio Station ထူထောင်ပြီး စာသင်ချင်အောင် လှုံ့ဆော်ခြင်း၊ စာသင်ပေးခြင်း၊ ဘာသာပြန်ဆောင်းပါးများ ထုတ်လွှင့်ပေးခြင်းနှင့် တောင်ပေါ်ဒေသများအတွက် မူလတန်းအဝေးသင်ပညာရေးကို ထိရောက်အောင်မြင်ရန်ဟု အကြံပြုချက်များဟာလည်း လက်တွေ့ အကောင်အထည်ဖော်ရန်ခက်ခဲပြီး စိတ်ကူးယဉ်ဆန်နေသလားလို့ ကျွန်မ ထင်မြင်မိပါတယ်ရှင်။ ကျွန်မတို့အားလုံး လက်တွေ့ကျကျ စဉ်းစားရမှာကတော့ တိုင်းရင်းသားကလေးတွေဟာ ကျောင်းမှာ ပျော်ရွှင်ရမယ်။ စာတတ်မြောက်ရမယ်။ ဗဟိုက ချမှတ်ထားတဲ့ စာအုပ်တွေကို တိုင်းရင်းသားဘာသာတွေနဲ့ တိုက်ရိုက်ပြန်ဆိုခြင်းမဟုတ်ဘဲ ဒေသရဲ့ယဉ်ကျေးမှု၊ အသိပညာ၊ သမိုင်းနဲ့ သင့်တင့်လျောက်ပတ်တဲ့ သင်ယူနိုင်တဲ့အခြေအနေတွေနဲ့ ပညာရေးအသုံးစရိတ်တွေကို လိုအပ်တဲ့ အတိုင်းအတာထိ တိုးမြှင့်နိုင်ဖို့ သေသေချာချာ စဉ်းစားရမှာ ဖြစ်ပါတယ်ရှင်။

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင်ဖြင့် သုတေသနရဲ့ လေ့လာတွေ့ရှိချက်များအရ မိခင်ဘာသာစကားကို အခြေပြု သင်ကြားနိုင်သောနိုင်ငံများမှာ ဥပမာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနိုင်ငံတွေမှာ မူလတန်းအဆင့် ပြီးမြောက်လို့ရှိရင် ကျောင်းသားများဟာ ဘာသာစကား

(၃)မျိုး တတ်ကျွမ်းမှုရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီအကျိုးကျေးဇူးက တိုင်းရင်းသားကလေးတွေ ဟာ မိမိတို့ရဲ့မိခင်ဘာသာစကားဖြင့် သင်ကြားခွင့်ရတယ်။ သင်ကြားတာကို နားလည်ပြီး သင်ယူသော ဘာသာများကို တတ်မြောက်ကြပါတယ်။ မိခင်ဘာသာစကားရဲ့ တည်ဆောက်ပုံကို နားလည်တဲ့အတွက် ဒုတိယနှင့် တတိယဘာသာစကားကို သင်ယူဖို့ လွယ်ကူနေတဲ့အပြင် မိမိတို့တိုင်းရင်းသား ဘာသာ စကားကို အသိအမှတ်ပြုခံရတဲ့ ကလေးတွေစိတ်ထဲမှာ ငြိမ်းချမ်းမှုလည်း ရရှိနေပါတယ်ရှင်။

ထို့ကြောင့် ကျွန်မတို့ဟာ ဘာသာစကား(၃)မျိုးကို သင်ကြားနိုင်ရန် ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပြီး အသေးစိတ်ကို စဉ်းစား၍ ရှေးဦးကလေးမူကြိုအဆင့် မိခင်ဘာသာစကားကို (၁၀၀)ရာခိုင်နှုန်း သင်ကြားမလား။ မူလတန်းအဆင့်မှာ မိခင်ဘာသာစကားကို စာသင်ချိန်ရဲ့ (၆၀)ရာခိုင်နှုန်း၊ (၈၀) ရာခိုင်နှုန်း သင်ကြားမလား။ မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားကို စာသင်ချိန်ရဲ့ (၂၀)ရာခိုင်နှုန်း၊ (၄၀)ရာခိုင်နှုန်း သင်ကြားမလား။ မူလတန်းအဆင့်မှာလည်း မိခင်ဘာသာစကားကို စာသင်ချိန်ရဲ့ (၄၀)ရာခိုင်နှုန်း၊ (၆၀)ရာခိုင်နှုန်း၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာစကားတို့ကို စာသင်ချိန်ရဲ့ (၄၀)ရာခိုင်နှုန်း၊ (၆၀)ရာခိုင်နှုန်း သင်ကြားမလား စသည်ဖြင့် ကျွန်မတို့ဟာ အသေးစိတ် အခြေခံမှုစ၍ စဉ်းစားဖို့ လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့ ဆွေးနွေးချက်ဟာ တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်နဲ့ ပြည်တွင်းငြိမ်းချမ်းရေးအား ထာဝရခိုင်မြဲရေးကို ပညာရေးရှုထောင့်မှ ဆွေးနွေး မှုအား အဆိုရှင်ရဲ့ ပြည်သူတွေအပေါ်ထားရှိတဲ့ စေတနာအား ထင်ရှားစွာသိမြင်၍ လေးစားရပါ တယ်ရှင်။ သို့သော်လည်း ၂၀၁၀ မှစ၍ တက်လာသော ဒီမိုကရေစီအစိုးရအဆက်ဆက်၏ ပြည်တွင်း ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ကြိုးစားလာတယ်ဆိုတာ ၂၀၁၆ နောက်ပိုင်းတွင် ပိုမို၍ ထိထိရောက်ရောက် အစိုးရနှင့် တပ်မတော်ဟာ ငြိမ်းချမ်းရေးကို တိုင်းရင်းသားလူမျိုးစုများနှင့် ကြိုးစားနေချိန်မှာ လွှတ်တော်က စောင့်ကြည့် အကဲခတ်တဲ့ လုပ်ငန်းစဥ်သာ လိုအပ်ပါတယ်ရှင်။

ထို့ကြောင့် အဆိုရှင်၏ အဆိုသည် အများကြိုက်စေမယ့် အဆိုတစ်ရပ်အဖြစ် သဘော သက်ရောက်နေပြီး တိုင်းရင်းသားမျိုးနွယ်စုများအတွက် အမှန်တကယ် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားနိုင်ရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် ယခုအဆိုနှင့် မလုံလောက်၍ ယခုအဆိုကို မှတ်တမ်းတင်ထားရှိပြီး လက်တွေ့ကျ သော ပညာရေးမူဝါဒတစ်ခု ချမှတ်ကာ ဖော်ဆောင်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး

တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ အဆိုအပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ပညာရေးဆိုင်ရာ အချက်အလက်များကို ကိုးကားတင်ပြသွားမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံဟာ အသက်(၁၅)နှစ်နဲ့အထက် လူဦးရေ(၃၃) သန်းရှိတဲ့အနက်မှာ စာတတ်မြောက်သူဦးရေဟာ (၂၉.၆)သန်း၊ (၈၉.၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ တိုင်းရင်းသား အများစုနေထိုင်ကြတဲ့ ပြည်နယ်များမှာ စာတတ်မြောက်မှုမှာ ကချင်ပြည်နယ်မှာတော့ ပြည်နယ်တစ်ခုလုံးရဲ့ (၉၁.၇)ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်မှာ (၆၄)ရာခိုင်နှုန်းတို့ ဖြစ်ကြပါတယ်။ ပြည်ထောင်စုတစ်ခုလုံးမှာ စာမတတ်သူ (၃.၅)သန်းခန့်ရှိပြီးတော့ တစ်နိုင်ငံလုံးလူဦးရေရဲ့ (၁၀.၅) ရာခိုင်နှုန်း ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်နယ်များမှာ မြို့ပြနှင့်ကျေးလက် စာမတတ်တဲ့ဦးရေဟာ များစွာကွာခြားတာကို တွေ့ရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆(ခ)၊ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄(ည)တို့အရ အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ချက်များကြောင့် စာမတတ်သူပပျောက်သည့်ဦးရေမှာ လျော့နည်းလာသည်မှာ မှန်ကန် သော်လည်း အသက်(၁၅)နှစ်နဲ့အထက် တစ်နိုင်ငံလုံး စာမတတ်တဲ့ဦးရေ (၃.၅)သန်းခန့် ရှိတဲ့အနက် (၃)သန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြခြင်း၊ (၅)နှစ်နဲ့အထက် ကျောင်းလုံးဝ မနေသူ တစ်နိုင်ငံလုံးမှာ (၄.၈)သန်းရှိပြီးတော့၊ ၎င်းက (၁.၃)သန်းခန့်ဟာ အသက်(၅)နှစ်ကနေ (၁၈)နှစ် အထိ ကလေးသူငယ်များဖြစ်ကြခြင်း၊ ပြည်တွင်းမှာ ရွှေ့ပြောင်းအလုပ်သမားဦးရေ (၉.၃)သန်းခန့် ရှိနေပြီးတော့ တိုက်ပွဲရှောင်များ ရှိနေခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပုံမှန်သင်ကြားမှု အစီအစဉ်မဟုတ်တဲ့ Non-Formal Primary Education(NFPE) အစီအစဉ်ကို ယခုထက်ပိုပြီးတော့ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ယနေ့မှာ ကျရောက်တဲ့ နှစ်(၅၀)မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၌ UNESCO ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့တဲ့သဝဏ်လွှာမှာ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (၁၇)ခုရှိတဲ့အနက် လူတိုင်း လူတိုင်း ဘဝတစ်သက်တာ သင်ကြားမှုအခွင့်အရေးမြှင့်တင်ရန်နှင့် အရည်အသွေးရှိသောပညာရေး ကို လူတိုင်း တန်းတူညီမျှမှု ရရှိစေရန်ဟူသော သီးခြားရည်ရွယ်ချက်တစ်ခု ပါဝင်တာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်မြင့်ပညာများအား ဆက်လက်သင်ကြားနိုင်ဖို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီး ဌာနများမှဖွင့်လှစ်သော အဆင့်မြင့်ပညာတက္ကသိုလ်(၈၀)ခု၊ ဒီဂရီကောလိပ်(၅)ခု၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(၁)ခု၊ ဒီဂရီကောလိပ် (၂)ခုကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းပါ ပညာရေးဆိုင်ရာ အချက်အလက်များကို လေ့လာတဲ့အခါမှာ ကျေးလက်နေပြည်သူ(၃၂)သန်းမှာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သူ(၃.၇)ရာခိုင်နှုန်းသာ သင်ကြားနိုင်ပြီးတော့ မြို့ပြမှာနေထိုင်သူ (၁၃.၇)သန်းခန့်မှာ အဆင့်မြင့်ပညာကို (၁၆.၈)ရာခိုင်နှုန်း သင်ကြားနိုင်တဲ့အတွက် မြို့ပြတွင်နေထိုင်သူ

များသည် ကျေးလက်မှာ နေထိုင်သူများထက် (၄.၅)ဆခန့်ပိုပြီး အဆင့်မြင့်ပညာကို သင်ကြားရန် အခွင့်အလမ်းရရှိလာကြောင်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီဖွံ့ဖြိုး တိုးတက်စေရန်အတွက် ကျေးလက်နဲ့ တောင်ပေါ်ဒေသနေ တိုင်းရင်းသားလူမျိုးများအား ယခုထက် ပို၍ အဆင့်မြင့်ပညာကို ဆည်းပူးလေ့လာခွင့် ရရှိစေရန် ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြအပ် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မိမိတို့နိုင်ငံရဲ့ (၅)နှစ်နဲ့အထက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်နဲ့ ကောလိပ် တက်ရောက်မှု အခြေအနေအား ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ မူလတန်းအဆင့်ကို နှစ်စဉ်(၁)နှစ်ကို (၇)သိန်း ကျော်လောက် တက်ရောက်ပညာသင်ကြားလျက် ရှိကြပါတယ်။ ၎င်းတို့အနက်က အလယ်တန်းအဆင့်ကို တက်ရောက်ပညာသင်ကြားနိုင်သူမှာ ပျမ်းမျှ(၁)နှစ်ကို ၄၉၀၀၀၀၊ (၆၈.၅)ရာခိုင်နှုန်းခန့် ရှိကြောင်း သိရှိရပါတယ်။ အလယ်တန်းအဆင့်ကို အလယ်တန်းအဆင့်ကနေ အထက်တန်းအဆင့်ကို ဆက်လက် ပညာသင်ကြားနိုင်သူ ပျမ်းမျှ(၁)နှစ်ကို (၂၆၀၀၀၀)ယောက်သာရှိသဖြင့် (၅၃.၅၇)ရာခိုင်နှုန်းသာရှိ ကြောင်း သိရှိရပါတယ်။ တက္ကသိုလ်၊ ကောလိပ်ကို ဆက်လက်ပညာသင်ကြားသူမှာ ပျမ်းမျှ(၁)နှစ်လျှင် (၁၂၀၀၀၀)ခန့်သာရှိသဖြင့် (၄၆.၃၂)ရာခိုင်နှုန်းသာ တက္ကသိုလ်ပညာကို ဆက်လက်သင်ယူလျက်ရှိတာကို တွေ့ရပါတယ်။

ခြုံငုံတင်ပြရရင် မူလတန်းပညာကို တက်ရောက်သင်ကြားနေသူ ပျမ်းမျှ(၁)နှစ်ကို (၇)သိန်း ကျော်မှာ တန်းစဉ်ကူးပြောင်း၍ တက္ကသိုလ်ပညာကို တက်ရောက်သူက (၁၂၀၀၀၀)ခန့်သာ ရှိသဖြင့် မူလတန်းကို နှစ်စဉ်တက်ရောက်တဲ့သူရဲ့ (၁၇)ရာခိုင်နှုန်းသာ တက္ကသိုလ်ပညာကို တက်ရောက် သင်ကြားနေတာကို တွေ့ရပါတယ်။ တက္ကသိုလ်ပညာကို ဆက်လက်မသင်ကြားနိုင်သူများမှာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့မှ ပျမ်းမျှနှစ်စဉ် (၅၉၀၀၀၀)ခန့်သည် ကျောင်းပြင်ပ သို့မဟုတ် လုပ်ငန်းခွင်ကို ဝင်ရောက်၍ အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

ပညာရေးဝန်ကြီးဌာနမှ (၈)တန်းအောင်ကျောင်းသားများ တက်ရောက်နိုင်သည့် အစိုးရ နည်းပညာ အထက်တန်းကျောင်း(၃၄)ကျောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက် နိုင်သည့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း A.G.T.I (၁၉)ကျောင်းနဲ့ ဒေသအလိုက် လုပ်သား လိုအပ်ချက်နှင့်အညီ ကာလတိုသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်းလည်း သိရ ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှလည်း နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများအတွက် လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၃၉)ခု၊ စက်မှုလက်မှုပညာသင်ကျောင်း(၁၄)ခု၊ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်ကျောင်း (၃၉)ကျောင်းကို နယ်စပ်ဒေသများမှာ ဖွင့်လှစ် သင်ကြားပေး လျက်ရှိသော်လည်းပဲ အလုပ်လုပ်ကိုင်သူ သန်း(၄၀)ခန့်အနက်မှာ အသက်မွေးဝမ်းကျောင်းသင်တန်း တက်ရောက်ပြီးသူ (၆)သန်းခန့်သာ ရှိပါတယ်။

သို့ဖြစ်ပါ၍ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တို့မှ ကျောင်းသား ကျောင်းသူများသည် Level တစ်ခုမှာ အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာကို ဆက်လက်

သင်ကြားနိုင်ရန် အခွင့်အလမ်းမရှိတော့တဲ့အချိန်မှာ ၎င်းတို့ရဲ့ဘဝရပ်တည်နိုင်ရေး၊ လုပ်ငန်းခွင်များမှာ ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရေးအတွက် ၎င်းတို့၏ ပညာအရည်အချင်းအလိုက် စိတ်ပါဝင်စားသော နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာပညာရပ်များ Technical and Vocational Education and Training (TVET)ကို စဉ်ဆက်မပြတ် သင်ယူနိုင်ရေးအတွက် ယခုထက်ပို၍ စီမံဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့တပ်မတော်သည် ပြည်ထောင်စုတပ်မတော်ဖြစ်ပြီးတော့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန်အတွက် သဘောဆန္ဒအလျောက် တပ်မတော်အတွင်းကို ဝင်ရောက်လာခဲ့ကြသူများ ဖြစ်ကြပါတယ်။ တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့စဉ်က အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာကို ဆုံးခန်းတိုင်အောင် ပညာသင်ကြားခွင့် မရရှိခဲ့သူများကို တပ်မတော်ပညာရေးကျောင်း(၁၂)ကျောင်းတို့မှာ "အ" သုံးလုံးကျေကနေ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်အထိအောင် သင်ကြားပေးခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တင်ပြပါအတိုင်း တန်းစဉ်အလိုက်စစ်သည် (၁)သိန်းကျော်ကို အောင်မြင်အောင် သင်ကြားပေးနိုင်ခဲ့ပါတယ်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တိုင်းစစ်ဌာနချုပ်အလိုက် တပ်ရင်းတပ်ဖွဲ့များမှာ တာဝန်ထမ်းဆောင်လျက်ရှိနေသော စစ်သည်များကို အခြေခံပညာမူလတန်းအဆင့်ထိ တတ်မြောက် အောင်မြင်အောင် သင်ကြားပေးတဲ့အခါမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တင်ပြပါအတိုင်း စစ်သည်(၇၅၀၀၀)ကျော်ကို အောင်မြင်အောင် သင်ကြားပေးနိုင်ခဲ့ပါတယ်။ မူလတန်းအဆင့် အောင်မြင်ပြီးသူများကိုလည်း အလယ်တန်းအဆင့်၊ ၎င်းမှ အထက်တန်းအဆင့်ထိ တတ်မြောက်အောင်မြင်အောင် ဆက်လက် သင်ကြားပေးသွားမှာလည်း ဖြစ်ပါတယ်။ ၎င်းအပြင် တပ်မတော်သားများ၏ သား/သမီးများ မိသားစုဝင်များကိုလည်း တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း (၂၉)ကျောင်းနဲ့ အခြေခံပညာအလယ်တန်းကျောင်း(၃)ကျောင်းတို့မှာ ဖွင့်လှစ်ပြီးတော့ သင်ကြားပေးလျက်ရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်၊ တပ်မတော်သား မိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သား/သမီးများကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ ပညာသင်နှစ်မှစပြီး နှစ်စဉ် ထူးချွန်သူများအား ပညာသင်ဆုချီးမြှင့်ခြင်းနှင့် နိုင်ငံခြားသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်(၂၄)ခုမှာ တက်ရောက်သင်ကြားနေကြတဲ့ ထူးချွန် ကျောင်းသား/ကျောင်းသူများကို ပညာသင်ဆု ချီးမြှင့်ပေးအပ်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ကျောင်းသား/ကျောင်းသူ (၂၄၀)ဦးကို တက္ကသိုလ်ပညာသင်ဆုကို ချီးမြှင့်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့တပ်မတော်သည် တိုင်းရင်းသားမျိုးစုံ ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော် ဖြစ်ပါတယ်။ တိုင်းရင်းသားတို့၏ စာပေနှင့် ဘာသာစကား(၁၄)မျိုးကိုလည်း စစ်သည်များအား တပ်မတော်ပညာရေးကျောင်းများမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၁၉၆၈ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိစစ်သည် တစ်သောင်းကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် တပ်မတော်အသံလွှင့်တပ်၊ သဇင်ရေဒီယိုအသံလွှင့်ဌာနသည် ၁၉၅၇ ခုနှစ်မှစတင်၍ တိုင်းရင်းသားဘာသာ (၆)မျိုးဖြင့် အသံထုတ်လွှင့်ပေးခဲ့ပြီး

ယခုအခါမှာ တိုင်းရင်းသားတို့၏ ရိုးရာ၊ ဓလေ့၊ စာပေနှင့် ဘာသာစကားကို မြှင့်တင်အားပေးသည့်အနေဖြင့် တိုင်းရင်းသားအစီအစဉ်တစ်ခုကို သီးခြားထပ်မံ တိုးချဲ့ဖွင့်လှစ်၍ တိုင်းရင်းသားဘာသာ(၁၁)မျိုးအား မနက်(၆)နာရီမှ ညနေ(၈)နာရီအထိ နေ့စဉ် အလှည့်ကျ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့်နိုင်ငံ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီတည်ထောင်၍မရသလို ဒီမိုကရေစီမရှိဘဲနဲ့လည်း ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်၍ မရနိုင်ပါ။ ငြိမ်းချမ်းရေးသည် တရားဥပဒေစိုးမိုးမှု အောက်မှာသာ အောင်မြင်ဖြစ်ထွန်းနိုင်မှာဖြစ်သလို တရားဥပဒေစိုးမိုးမှု Law Instrument ရှိအောင်လည်း ငြိမ်းချမ်းရေးကို ပါဝင်ဆောင်ရွက်နေသူ Stake Holder အားလုံးက ပူးပေါင်းလုပ်ဆောင်မှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပြီးတော့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေး၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်များ သင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို စဉ်ဆက်မပြတ် အားပေးမြှင့်တင် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါသဖြင့် အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ ဦးငွန်ဟေး ဖြစ်ပါတယ်။ ဆွေးနွေးမှာကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ အဆိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးစုများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အစိုးရတို့ရဲ့ ယဉ်ကျေးမှုအရ လူများစုတို့ရဲ့ မြန်မာဘာသာစကားတစ်ခုတည်းကိုသာ ရုံးများတွင်လည်းကောင်း၊ ကျောင်းများတွင်လည်းကောင်း အသုံးပြုတာ နှစ်တွေ(၇၀)နီးပါး ရှိပါပြီ။ ထို့ကြောင့် ယနေ့တွင် တိုင်းရင်းသားတွေ ကိုယ့်လူမျိုးစုအချင်းချင်းတောင် မြန်မာစကားနဲ့ အသုံးပြုတဲ့အဆင့် ရောက်နေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်ဆိုရင် တိုင်းရင်းသားတွေတော်တော်များများဟာ မြန်မာစာနဲ့ စိမ်းနေကြပါတယ်။ အထူးသဖြင့် ကိုးကွယ်တဲ့ဘာသာ မတူညီတဲ့ လူမျိုးစုများဆိုရင် ပိုပြီးတော့ စိမ်းကြသေးတယ်။ ထိုကဲ့သို့ စိမ်းနေတဲ့အထဲမှာပင် ပညာရေးစနစ်ရဲ့ကောင်းမှုကြောင့် သူငယ်တန်းဝင်ဝင်ချင်း ဧရာဝတီ၊ ပခုက္ကူ၊ မန္တလေးအစရှိတဲ့ စကားလုံးတွေနဲ့ ရင်ဆိုင်ခဲ့ကြတဲ့အခါမှာ နားလည်ယဉ်ပြီးသားဖြစ်ကြတဲ့ မြန်မာကလေးတွေရဲ့ တစ်နေ့ဖတ်စာဟာ စိမ်းပြီးဝေးနေကြတဲ့ တိုင်းရင်းသားကလေးတွေအတွက် တစ်ပတ်ဖတ်စာ ဖြစ်သွားပါပြီ။ ဒီလိုနည်းနဲ့ပဲ ယနေ့ ကျောင်းပညာရေးကတော့ သိတာ၊ နားလည်တာ၊ သဘောပေါက်တာမှ by heart စနစ်သို့ ဦးတည်သွားပါပြီ။ ၎င်းအတွေ့အကြုံ

တွေနဲ့ ဖြတ်သန်းလာခဲ့တဲ့ ဆရာ/ဆရာမတွေလည်း ၎င်းအတိုင်းပါပဲခင်ဗျား။ ဥပမာပြောရရင် လူကြီး တစ်ယောက်ကြောင့် ပအိုဝ်းစစ်စစ်ကနေ ပအိုင်းဖြစ်သွားသလို၊ ချင်းဆရာတစ်ယောက်ရဲ့ ကောင်းမှု ကြောင့် ရှာလုံးကျွတ် ဂြိုဟ်ကြီးကိုးလုံးစစ်စစ်ကနေ ကြယ်ကြီးကိုးလုံး ဖြစ်သွားပါတော့တယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကဲ့သို့သော အခြေအနေများကြောင့် တိုင်းရင်းသားကလေးတွေဟာ မြန်မာစာအပေါ်မှာ စိမ်းရာကနေ ကြောက်ခြင်းသို့လည်းကောင်း၊ ကြောက်ခြင်းကနေ မုန်းခြင်းသို့ လည်းကောင်း၊ မုန်းခြင်းကနေ စိတ်မဝင်စားခြင်းသို့လည်းကောင်း စသည်ဖြင့် အချိန်မတိုင်ခင် ကျောင်းကို ကျောခိုင်းတဲ့ကလေးတွေ ဒုနဲ့ဒေးပါခင်ဗျား။ ကျောင်းဆက်နေသူများလည်း ဟုတ်တိပတ်တိ မရကြ၊ ဘွဲ့တွေ၊ ဘွဲ့လွန်တွေရတဲ့သူတွေလည်း Foundation က မခိုင်ကြတော့ ညီနောင်မြေပြန့်သားတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ပြိုင်ဘက်ဖြစ်ဖို့ထက် တပည့်ဖြစ်ဖို့က ပိုများလာပါတယ်။ ဒီလိုနဲ့ပဲ တိုင်းရင်းသား ဘွဲ့ရတွေ နိုင်ငံခြားမှာ ကူလီဘဝနဲ့ အဆုံးသတ်တာများလာပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမြင့်လေလေ စီးပွားရေး၊ နိုင်ငံရေးလုံခြုံလာလေလေ တရား မျှတခြင်း၊ လွတ်လပ်ခြင်းရှိလာလေလေဆိုတဲ့ S.M Lipset ရဲ့ အဆိုဟာ ယခု တိုင်းရင်းသား များအတွက် ကတော့ အဓိပ္ပာယ်ဖွင့်ဆိုဖို့ ခက်ခဲလှပါတယ်။ တောင်တန်းဒေသတွေရဲ့ တက္ကသိုလ်ဝင်တန်း အောင်ချက် နည်းရခြင်းအကြောင်းများထဲမှာ ဒေသခံဘာသာစကားနဲ့ Foreign ဖြစ်နေတဲ့ မြန်မာစာနဲ့ စတင် သင်ကြားခြင်းကလည်း တစ်ခုအပါအဝင်ပါပဲခင်ဗျား။ ဒါကြောင့်တိုင်းရင်းသားတွေရဲ့ ရင်ထဲမှာ ယနေ့ မြန်မာ့ပညာရေးစနစ်ကို ထမင်းရှင်အဖြစ် မြင်လာဖို့ခက်ခဲပါတယ်။ လူမျိုးတစ်မျိုးတိုးတက်ဖို့၊ သူများ တွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့ဆိုရင် တကယ်တတ်၊ တကယ်သိတဲ့ ပညာရှင်မွေးထုတ်ပေးတဲ့ ပညာရေး စနစ်နဲ့ လွတ်လပ်တဲ့ပညာရေးစနစ် လိုအပ်လှပါတယ်။

ဥပမာပြောရရင် အိန္ဒိယနိုင်ငံရဲ့ လူထုခေါင်းဆောင်ကြီးဖြစ်သော မဟတ္တမဂန္ဒီက ပြောခဲ့ ဖူးပါတယ်။ ကျွန်တော် (၄)တန်းအထိ မိခင်ဘာသာစကား Gujarati အသိနဲ့ သင်ကြားစဉ် တစ်ပြည်နယ်လုံးတွင် သင်္ချာဘာသာ၌ ပထမရခဲ့ပါတယ်။ ဒါပေမဲ့ (၅)တန်းအရောက်တွင် Gujarati ကနေ အင်္ဂလိပ်ဘာသာသို့ သင်ရိုးတွေပြောင်းသွားတော့ သင်္ချာပါရဂူမဖြစ်ဘဲ ဒီဘဝ ရောက်သွား တာပဲ။ မဟတ္တမဂန္ဒီ ရဲ့ အဓိကပြဿနာက ကျောင်းပညာကို သူသိနားလည် တတ်ကျွမ်းတာထက် အင်္ဂလိပ် Language မှာပင် ရှုန်းကန်ရခြင်းပါပဲ။ ဆိုလိုရင်းက ပညာစင်စစ် တတ်ကျွမ်းခြင်းသည် ကိုယ်ပိုင်နိုင်တဲ့ဘာသာစကားနဲ့ သင်ကြားခြင်းက အခြေခံကျလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်အစိုးရက တိုင်းရင်းသားဘာသာစကားတွေကို ကျောင်းတစ်ချို့ တွင် ဒေသအလိုက် သင်ကြားခွင့်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အစိုးရရဲ့စေတနာစစ်စစ် နည်းပါးခြင်း၊ ကျောင်းချိန်ရဲ့ ပြင်ပဖြစ်ခြင်း၊ မြန်မာနိုင်ငံရဲ့ Examination Oriented ပညာရေးမူနဲ့ကွဲလွဲပြီး စာမေးပွဲမရှိခြင်း၊ ဆရာ၊ ဆရာမတို့ကိုယ်တိုင်က စေတနာနည်းပါးခြင်းတို့ကြောင့် အထမမြောက် ခဲ့ပါဘူး။ အခုအဆိုဟာဖြင့် နိုင်ငံတော်အတွက် ကြီးမားတဲ့စိန်ခေါ်မှုဆိုတာ မငြင်းပါဘူး။ ဆေးမြီးတို တွေနဲ့လည်း ကုစားလို့ရတဲ့အဖြေလည်း မဟုတ်ပါ။ အချိန်အတိုင်းအတာ ယူရမယ့်အရာဖြစ်သလို ငွေရေး၊ ကြေးရေး၊ လူ့စွမ်းအား၊ စိတ်ရောကိုယ်ပါရင်းနှီးရမယ့် စီမံကိန်းကြီးဖြစ်ပါတယ်။ ဒီနေရာမှာ ဗ.က.သ ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျော်ကိုကိုရဲ့ ခံယူချက်ဖြစ်တဲ့ ပညာရေးတွင် တိုင်းရင်းသား

မိခင်ဘာသာစကားနဲ့ အကောင်အထည်ဖော်မှု၊ ပညာရှင်တွေမွေးထုတ်ဖို့၊ ကျောင်းထွက်နှုန်း နည်းဖို့ဆိုရင် လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀)က ပညာရှင် Plato ရဲ့ Philosophy ကို မီးမောင်းထိုးပြခဲ့ပါတယ်။

ထို့အပြင်လောကရဲ့ နိယာမတရားအရ မိဘတိုင်းက သားသမီးတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရမှာ ဖြစ်သလို တိုင်းပြည်အစိုးရသည်လည်း တိုင်းပြည်မှာ ရှိကြကုန်တဲ့ လူမျိုးများရဲ့ လိုအပ်ချက်တွေကို မလွဲမသွေဖြည့်ဆည်းပေးရမှာဖြစ်တယ်။ တာဝန်မကျေတဲ့မိဘတွေကို သားသမီးတွေက မိဘလို့ ခေါ်ဖို့ခက်သလို တာဝန်မကျေတဲ့အစိုးရကိုလည်း ပြည်သူက ကိုယ့်အစိုးရအဖြစ်နဲ့ ခံယူဖို့ ခက်ခဲလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုဟာ ဝါဆို၊ ဝါခေါင်မှာ ရေကြီးသလို နေ့ချင်း၊ ညချင်း မရနိုင်တာ နားလည်ပါတယ်။ ဒါကြောင့် ယခုအရေးသည် ရေတို၊ ရေရှည် စီမံကိန်းဖြင့်လည်းကောင်း၊ စေတနာဖြင့်လည်းကောင်း၊ အမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ သတ္တိရှိစွာဖြင့်လည်းကောင်း စိတ်ရှည်လက်ရှည် အကောင်အထည်ဖော်ရမယ့် လုပ်ငန်းကြီးဖြစ်ပါတယ်။ စစ်မှန်တဲ့ဆန္ဒရှိဖို့လည်း လိုအပ်ပါတယ်။ ပြည်သူ့ပါတီလို့ သမုတ်ခြင်းခံရတဲ့ NLD ရဲ့ ရွေးကောက်ပွဲဆိုင်ရာ ပညာရေးကြေညာချက်စာတမ်းမှာပါပြီးသားအရ မိခင်ဘာသာစကားကို အလေးထားသည့် အစိုးရလည်းဖြစ်သည့်အလျောက် တိုင်းရင်းသားများရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် အစိုးရလည်း ပေါ်ပေါက်လာပြီဖြစ်သလို Policy ချမှုနဲ့ အကောင်အထည်ဖော်ဖို့လည်းမနီးတော့ပါလို့ မျှော်လင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးအပေါ် ကို Kaa Lawmtuk ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတဲ့ အကြောင်းကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် တင်သွင်းတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသား စာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် အဆိုကို အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို လွှတ်တော်ထဲမှာ ပါဝင်ဆွေးနွေးကြတဲ့ ကိုယ်စားလှယ် အရေအတွက်ကို ကြည့်ခြင်းအားဖြင့် ပညာရေးလိုအပ်ချက်ဟာ ကျွန်တော်တို့တိုင်းပြည်မှာ အလွန်အရေးကြီးကြောင်းနဲ့ ပညာရေးနဲ့ပတ်သက်ပြီး ပြည်နယ်၊ ပြည်မ တန်းတူရပိုင်ခွင့် ရရှိရေးဟာလည်း အလွန်လိုအပ်ကြောင်း သိသာထင်ရှားလှပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားဆိုတဲ့အထဲမှာ ကျွန်တော်တို့ ဗမာတွေလည်း ပါ ပါတယ်။ ဗမာတိုင်းရင်းသား ကျေးလက်တောရွာနေ ပြည်သူတွေထဲမှာ ကျွန်တော့်

ကိုယ်တွေ့အရ စာမတတ်တဲ့ပြည်သူတွေလည်း ရှိနေပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်အတွင်းမှာဆိုရင် ဗမာတိုင်းရင်းသားအပြင် ကရင်တိုင်းရင်းသား၊ မွန်တိုင်းရင်းသားတွေလည်း နေထိုင်ကြပါတယ်။ ဘယ်တိုင်းရင်းသားဖြစ်ဖြစ် ဝေးလံခေါင်သီတဲ့နေရာတွေမှာဆိုရင် စာမတတ်သူအရေအတွက် ပိုမို များပြားပါတယ်။ အဆင့်မြင့်ပညာဆိုလည်း တချို့ရွာတွေမှာဆိုရင် တစ်ရွာလုံးမှာမှ တစ်ယောက်စ၊ နှစ်ယောက်စသာ သင်ယူခွင့်ရတာမျိုး ရှိပါတယ်။ ဒါကြောင့် ဒီအဆိုကို တစ်နိုင်ငံလုံးနဲ့ပတ်သက်တဲ့ အဆိုလို့ ယူဆပြီးတော့ ပညာရေးကို ပြုပြင်ပြောင်းလဲရေးအသွင်တစ်ရပ်အနေနဲ့ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တိုင်းပြည်တစ်ခုကို ပြုပြင်ပြောင်းလဲရေးနဲ့ ရေရှည်ဖွံ့ဖြိုးရေးအတွက်ဆိုရင် ပညာရေးရင်းနှီးမြှုပ်နှံမှုက အဓိကအကျဆုံး အရင်းအနှီးတစ်ခုဖြစ်ပါတယ်။ စင်ကာပူနိုင်ငံထူထောင်တဲ့ လီကွမ်ယူကို သတင်းထောက်တစ်ယောက်ကမေးပါတယ်။ ဒီလို ရွှံ့နွံထဲမှာ ဘာမှ သယံဇာတမရှိတဲ့နိုင်ငံကို ဘယ်လိုမျိုးဖွံ့ဖြိုးအောင်လုပ်ပါသလဲမေးတော့ လီကွမ်ယူ ဖြေတာက သူက တိုင်းသူပြည်သားတွေကို ပညာပဲသင်ပေးတာပါတဲ့၊ အဲဒီ့ပညာတတ်တဲ့လူတွေက တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်သွားကြတယ်လို့ဆိုပါတယ်။ ပညာရဲ့သဘောကိုကြည့်မယ်ဆိုရင် အတတ်ပညာ၊ အသိပညာအပြင် အကြောင်းအကျိုး အကောင်းအဆိုး ခွဲခြားသိမြင်နိုင်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ စိတ်ဓာတ်ကောင်းမွန်ခြင်း စတာတို့ ပါဝင်ကြပါတယ်။ အဲဒီလို စိတ်ဓာတ်၊ အကျင့်ကောင်းတဲ့လူတွေကပဲ သူတို့ရဲ့ လူ့အသိုင်းအဝိုင်းနဲ့ သူတို့ရဲ့နိုင်ငံကို ပြုပြင်ပြောင်းလဲပေးကြတာပါ။

ဒါကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုဟာ တကယ်လိုအပ်လှပါတယ်။ ကျွန်တော်တို့ ဂျပန်နိုင်ငံသမိုင်းကို ပြန်ကြည့်ရင်လည်း Massive Investment in Education လုပ်ကြပါတယ်။ ပညာရေးမှာ တစ်ခဲနက် ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတော်ဘတ်ဂျက်ကို ပညာရေးဝန်ကြီးဌာနက အများဆုံးသုံးပါတယ်။ အခြားဌာနတွေက နောက်ဆုတ်ပေးရပါတယ်။ အဲဒီတော့ ဂျပန်တွေ၊ စင်ကာပူတွေ တိုးတက်တာ သိပ်မဆန်းဘူးလို့ ကျွန်တော် ထင်ပါတယ်။ တစ်ခါတုန်းက ဂျပန်ဝန်ကြီးချုပ်၊ ဂျပန်ပညာရေးဝန်ကြီး ကိုဝါရှီ ပြောတာရှိပါတယ်။ သူပြောတာက ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းပညာ၊ ဗဟုသုတနဲ့ ကျွမ်းကျင်မှုတို့က လူမျိုးချမ်းသာရေးနဲ့ တောင့်တင်းခိုင်မာရေးတို့အတွက် အလွယ်တကူ နားမလည်နိုင်သော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်။ယင်း ပညာဗဟုသုတနဲ့ ကျွမ်းကျင်မှုများကို အထောက်အကူပေးခြင်းဟာ ကြည်းတပ်သား၊ ရေတပ်သားများကို ပြုစုပျိုးထောင်သကဲ့သို့ နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ခံကတုတ် တည်ဆောက်ပေးခြင်းမျိုးဖြစ်တယ်လို့ဆိုပါတယ်။

ဂျပန်တွေဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ ပြာပုံအတိပါ။ ဒါပေမဲ့ အခုအချိန်မှာတော့ ဂျပန်တွေဟာ ရတနာပုံလိုဖြစ်နေပါတယ်။ ဒါဟာ ပညာရေးကို အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုရဲ့ အကျိုးရလဒ်ပါ။ ကမ္ဘာ့သမိုင်းကိုပြန်ကြည့်ရင်လည်း တစ်ချိန်က ဥရောပမှာ ဗိုလ်ကျနေတဲ့ ပြင်သစ်နပိုလီယန်တွေကို ပရပ်ရှားတွေနိုင်တာဟာ၊ ပရပ်ရှားတွေရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်လို့ ဆိုပါတယ်။ အဲဒီ ပြင်သစ် - ပရပ်ရှား စစ်ပွဲကို Victory of Prussian Schoolmaster လို့တောင် ခေါ်ကြပါတယ်။ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲလိုက်တဲ့အတွက် လူတွေ စည်းကမ်းရှိလာတယ်။ ဉာဏ်ပညာ ထက်မြက်လာတယ်။ တာဝန်တွေ သိလာတယ်။ စည်းရုံးလာတယ်။ အဲဒီအကျိုးတွေကြောင့် ပရပ်ရှားတို့ ပြင်သစ်ကို နိုင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး ရုရှား-ဂျပန်စစ်ပွဲမှာလည်း အင်အားကြီးတဲ့ ရုရှားကို

ဂျပန်တွေ နိုင်လိုက်တာဟာလည်း ဂျပန်တွေရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုရဲ့ ရလဒ်လို့ ဆိုပါတယ်။ ကျွန်တော်ဆိုလိုတာက ပညာရေးပြုပြင်ပြောင်းလဲမှုဟာ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသာမက စစ်ရေး၊ နိုင်ငံရေးတွေကိုပါ အထောက်အပံ့ ပြုတယ်ဆိုတာကို ပြောကြားချင်တာပါ။ ဒါကြောင့် ကျွန်တော်တို့ဆီမှာလည်း လူသား အရင်းအမြစ်၊ လူသား သယံဇာတတွေ ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် ပညာရေးကို တစ်ခဲနက် ရင်းနှီးမြှုပ်နှံသင့်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခုဆောင်ရွက်ဆဲဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၂၁)ရာစုပင်လုံဟာလည်း အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အောင်မြင်သွားရင် ကျွန်တော်တို့အချင်းချင်း ရန်ဖြစ်တဲ့ကိစ္စ၊ အချင်းချင်းသတ်ဖြတ်တဲ့ကိစ္စတွေမှာ ဘတ်ဂျက် လျှော့သုံးလာနိုင်ပြီးတော့ ပညာရေးမှာ အလုံးအရင်းနဲ့ တစ်ခဲနက် ရင်းနှီးမြှုပ်နှံလာမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူတစ်ရပ်လုံး မိမိတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိတဲ့ဘက်မှ ပါဝင်ဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် အခုအချိန်မှာ ဒီအဆိုဟာ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဦးခင်အောင်မြင့် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုရဲ့ ခေါင်းစဉ်ပါစာသားကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အထူးသဖြင့် တိုင်းရင်းသားစာပေ ထွန်းကားရေး ဆိုတဲ့ကဏ္ဍကို ဖောင်းပေးပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာပေဟာ ဘာသာစကား၊ ယဉ်ကျေးမှုရဲ့မှတ်တိုင်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရသော် စာပေနှင့် ဘာသာစကားဟာ လူမျိုးတစ်မျိုးရဲ့ အသက်ပဲ ဖြစ်ပါတယ်။ စာပေနှင့် ဘာသာစကား ပျောက်ကွယ်သွားပါက လူမျိုး တိမ်ကောပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် လူမျိုးတစ်မျိုး ရပ်တည်နေထိုင်ရေးဟာ စာပေနှင့် ဘာသာစကား၊ ယဉ်ကျေးမှုအပေါ်မှာ အများကြီး မူတည်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ယဉ်ကျေးမှု ကိုးကွယ်တဲ့ဘာသာ မတူကွဲပြား အမျိုးမျိုးနဲ့ ပိုင်ဆိုင်ထားကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါတယ်။

ဧရိယာစတုရန်းမိုင်ပေါင်း(၂၆၁၂၂၈)မိုင် ကျယ်ဝန်းပြီး လူဦးရေအားဖြင့် (၅၁.၄၉)သန်းရှိတဲ့ တိုင်းရင်းသား ပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်ပြီးတော့ အဓိကအုပ်စု (၈)စုနဲ့ မျိုးနွယ်စုဝင် (၁၀၀)ကျော် အခြေချနေထိုင်တဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ အဆိုပါ တိုင်းရင်းသားလူမျိုးပေါင်းစုံအနက်မှ ကမ်းရိုးတန်း ဒေသတွေမှာနေထိုင်ကြတဲ့ မွန်၊ ရခိုင် တိုင်းရင်းသားတို့ဟာ ပထမထောင်စုနှစ် အစောပိုင်းကပင် အိန္ဒိယအက္ခရာများကို နည်းမှီပြီးတော့ ကိုယ်ပိုင်အက္ခရာနဲ့ စာပေတွေကို တီထွင်ခဲ့ကြပြီး ဗုဒ္ဓဘာသာ ကိုလည်း သက်ဝင်ယုံကြည်ကြပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်၍ မွန်လူမျိုးတို့ရဲ့ စာပေသမိုင်းကို အနည်းငယ်ဖော်ပြရရင် ကာလကြီး(၃)ရပ် ပိုင်းခြားပြီး ဖော်ပြနိုင်ပါတယ်။ ပထမကာလကတော့ အေဒီ(၆)ရာစုအကုန် (၇)ရာစု အစပိုင်းမှာ ယိုးဒယားပြည် ပရပထုံအရပ်နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားမှာတွေ့ရှိရတဲ့ ကျောက်စာ၊ အေဒီ(၈)ရာစုမှာ ယိုးဒယားပြည် လပ်ပူရီအရပ်မှာ တွေ့ရှိရတဲ့ကျောက်စာ၊ တစ်ဖန် (၁၁)ရာစု မနူဟာမင်းလက်ထက်မှာရေးထိုးခဲ့တဲ့ သထုံမှာတွေ့ရတဲ့ ကျောက်စာနဲ့ မရှေးမနှောင်း ပုဂံပြည်မှာ ကျန်စစ်သားမင်းလက်ထက် ရေးထိုးခဲ့တဲ့ကျောက်စာများဟာ ရှေးဟောင်းမွန်စာပေများ ဖြစ်ကြပါတယ်။ ဒုတိယကာလဖြစ်တဲ့ (၁၄)၊(၁၅)ရာစု ရာဇာဓိရာဇ်၊ ရှင်စောပု၊ ဓမ္မစေတီမင်းတို့ရဲ့ လက်ထက်မှာ ရေးထိုးခဲ့ကြတဲ့မွန်ကျောက်စာတို့ဟာ အလယ်ခေတ် မွန်ကျောက်စာများဖြစ်ကြပါတယ်။ တတိယကာလဖြစ်တဲ့ (၁၆)ရာစု ကုန်းဘောင်ခေတ်မှာစပြီးတော့ ယနေ့ထက်ထိတိုင် ပေစာများနဲ့ စာအုပ်တွေမှာ တွေ့ရှိရတဲ့ နောက်ဆုံးခေတ် မွန်စာပေများလို့ ဆိုနိုင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၊ ဗြိတိသျှနယ်ချဲ့ လက်အောက် ကျရောက်ခဲ့စဉ်အခါတုန်းက အင်္ဂလိပ်စာဟာ အရေးပါတဲ့စာပေ၊ မသင်မနေရ စာပေ၊ အင်္ဂလိပ်စာတတ်မှ အုပ်ချုပ်ရေးပိုင်းမှာ အမှုထမ်း၊ အရာထမ်း ဖြစ်နိုင်ပါတယ် ဆိုတဲ့ခေတ်၊ ထိုခေတ် အချိန်အခါတုန်းက ဗမာစာဟာ ဗမာပြည်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းဆရာနဲ့ မြေတိုင်းစာရေးတွေလောက်သာ သင်ကြပါတယ်။ တတ်လို့ရှိရင် မြေတိုင်းစာရေးတွေလောက်သာ ဖြစ် နိုင်ကြတဲ့ အခြေအနေရှိခဲ့ပါတယ်။ ဒါကို ဒို့ဗမာအစည်းအရုံးက အမျိုးသားစာပေ ရှင်သန်တိုးတက်ရေး အတွက် ဗမာစာသည် ဒို့စာ၊ ဗမာစကားသည် ဒို့စကား၊ ဒို့ပြည်ကို ချစ်ပါ၊ ဒို့စာကို မြတ်နိုးပါလို့ ကြွေးကြော် ဆော်ဩခဲ့ကြပါတယ်။ ထိုစဉ်က ဒို့ဗမာအစည်းအရုံးရဲ့ အမျိုးသားကြွေးကြော်သံဂယက်မှာ မွန်လူမျိုးနဲ့ တခြားတိုင်းရင်းသားတို့ထံ ရိုက်ခတ်ပြီးတော့ မွန်လူမျိုးတို့အတွက် အမျိုး၊ ဘာသာ၊ စာပေ၊ စကား၊ သာသနာကို ထိန်းကျောင်းဖို့၊ ထိန်းသိမ်းဖို့ မွန်ရဟန်းတော်များနဲ့ပညာတတ် မွန်အမျိုးသားတွေ စုပေါင်းပြီးတော့ ရာမညတိုင်းလုံး ဆိုင်ရာ မွန်အဖွဲ့ချုပ်ကို ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ရန်ကုန်မြို့မှာ မွန်သံဃာတော်တွေနဲ့ မွန်ပုဂ္ဂိုလ် မျိုးချစ်များကို ပင့်ဖိတ်ပြီးတော့ ဖွဲ့စည်းခဲ့ကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားမိခင်ဘာသာစကားနဲ့ စာပေသင်ကြား ခွင့်ရရှိရေးဟာ နိုင်ငံရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း အထူးအလေး ပေးသင့်တဲ့ ကိစ္စရပ်ကြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းစစ်မီးတောက်လောင်ရခြင်းရဲ့ အဓိက အချက်များဖြစ်တဲ့ ဘာသာစကား၊ ပညာရေးမူဝါဒ လက်တွေ့ဆောင်ရွက်ချက်များမှာ တိုင်းရင်းသား များနဲ့ဖြစ်ပွားလျက်ရှိတဲ့ ပဋိပက္ခတွေဟာ အဓိကနေရာက ပါဝင်လျက်ရှိနေပါတယ်။ တိုင်းရင်းသား

လူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေမှာ ပြဋ္ဌာန်းထားတာကတော့ တိုင်းရင်းသား လူမျိုးများဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိတို့၏ စာပေ၊ အနုပညာယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ကိုးကွယ်တဲ့ဘာသာ၊ သာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက် ခွင့်ရှိသည်။ မိမိတို့၏စာပေ၊ စကားတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြား ခွင့်နှင့် သင်ယူခွင့်ရှိသည်။ မိမိတို့၏စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ခွင့်နဲ့ ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့်ရှိ ပါတယ်။ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နဲ့ စီးပွားရေးလုပ်ငန်းများမှာ တန်းတူညီမျှတဲ့အခွင့်အရေး ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားပညာရေးကျောင်းများ ပုံစံအမျိုးမျိုးနဲ့ ရှိကြပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာလည်း ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးမြို့နယ်တို့မှာ မွန်အမျိုးသားစာသင်ကျောင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ် စာရင်းများအရ ကျောင်းပေါင်း(၄၉)ကျောင်း၊ ကျောင်းဆရာ၊ ဆရာမ(၆၉၈)ဦးရှိပြီး ကျောင်းသားဦးရေဟာ (၁၆၉၄၃)ဦး ရှိကြပြီးတော့ အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်းပညာများကို အစိုးရသင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားနေတဲ့ကျောင်းများဖြစ်ပြီးတော့ မိခင်ဘာသာစကားဖြစ်တဲ့ မွန်စာပေကိုလည်း ထည့်သွင်း သင်ကြားတဲ့ကျောင်းလည်း ဖြစ်ပါတယ်။ နီးစပ်ရာဒေသအသီးသီးရှိ စေတနာ၊ ဝါသနာ၊ ပရဟိတစိတ် ရှိကြတဲ့ ဘွဲ့ရလူငယ်များနဲ့ အထက်တန်းအောင် ကျောင်းဆရာ၊ ဆရာမများကို ခန့်ထားကြပါတယ်။ ဆရာ၊ ဆရာမများရဲ့ ထောက်ပံ့ကြေးလစာဟာ (၁)လ (၃၀၀၀၀)ကျပ်ကို မွန်သံဃာတော်များ၊ စေတနာရှင် ပြည်သူများရဲ့ ထောက်ပံ့ငွေများနဲ့ လည်ပတ်နေရပါတယ်။ အဆိုပါ အမျိုးသားကျောင်း များမှ ဆရာ၊ ဆရာမများဟာ အစိုးရစာသင်ကျောင်းများရဲ့ ဆရာ၊ ဆရာမများ ရရှိခံစားကြတဲ့ လစာထောက်ပံ့ကြေးတို့ကဲ့သို့ ရရှိခံစားလိုကြပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား လူမျိုးများ၏ အဆိုပါ အမျိုးသားကျောင်းများကို တရားဝင်အသိအမှတ်ပြုပြီး ပညာရေးရန်ပုံငွေချပေးခြင်း နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်ပါကြောင်း အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ နန်းမိုးမိုးထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေးပဲ ဖြစ်ပါတယ်ရှင်။ မန္တလေး တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက်

စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းတစ်ရပ်အနေနဲ့ ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အပြုသဘောဆောင် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

အဆိုရှင်အနေနဲ့ ဝေးလံခေါင်သီတဲ့ဒေသများမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေးတို့ကို ရည်ရွယ်တာဖြစ်တဲ့အတွက် ဝေးလံခေါင်သီတဲ့ တိုင်းရင်းသားဒေသမှာနေထိုင်တဲ့ တိုင်းရင်းသူ ကျွန်မတစ်ယောက်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ကတော့ တောင်ပေါ်ဒေသမှာနေထိုင်တဲ့ တိုင်းရင်းသားတွေဟာ အခွင့်အလမ်းနည်းပါးနေပါတယ်လို့ဆိုထားပါတယ်။ တောင်ပေါ်ဒေသမှ မဟုတ်ပါဘူးရှင်။ မြေပြန့်မှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြတဲ့ ဒေသတွေမှာလည်း အခွင့်အလမ်း အလွန်နည်းပါးပါတယ်။ အထူးသဖြင့်ဝေးလံခေါင်သီတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးလက်ဒေသတွေမှာပါရှင်။ ဒါကြောင့်မို့လို့ အဲဒီဒေသတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စတာတွေဟာ အနောက်မှာ ကျန်နေခဲ့တာဖြစ်ပါတယ်ရှင်။ အဆိုရှင်ရဲ့ စာမတတ်သူပပျောက်ရေးဆိုတဲ့အချက်ကလည်း အကောင်အထည်ဖော်ဖို့ရာအတွက် အင်မတန် ခက်ခဲတဲ့ကိစ္စဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ကရင်ပြည်နယ်မှာတော့ စာမတတ်သူပပျောက်ရေးကို ယခင်အစိုးရလက်ထက်ကတည်းက စီမံချက်ချပြီး တစ်နှစ်ကို တစ်မြို့နယ်စီ နွေရာသီ “အ” သုံးလုံး သင်တန်းများပြန်လည်သင်ကြားပေးနေတာကို တွေ့ရပါတယ်။ အားနည်းချက်၊ လိုအပ်ချက်တွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ယခုအစိုးရသစ်လက်ထက်မှာ ယခင်အားနည်းချက်၊ လိုအပ်ချက်တွေကို သင်ခန်းစာယူပြီး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်လာနိုင်လိမ့်မယ်လို့ မျှော်လင့် ယုံကြည်ပါတယ်ရှင်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ယခင်ပြည်ထောင်စုလွှတ်တော်မှ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြဋ္ဌာန်း အတည်ပြုပေးခဲ့ပြီးလည်း ဖြစ်ပါတယ်ရှင်။ တချို့သောအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ ဥပမာ စာသင်ကျောင်းတွေမှာ တိုင်းရင်းသားစာပေတွေကို သင်ကြားခွင့်ပြုခြင်း၊ သို့သော်ငြားလည်း ပြီးပြည့်စုံမှုမရှိဘဲ တိုင်းရင်းသားတွေအနေနဲ့ အားရကျေနပ်မှုမရှိတာကိုလည်း တွေ့မြင်ရပါတယ်။ အဆိုပါ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ အပိုဒ်၂ (ခ)အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟု ဖော်ပြပါရှိပြီးတော့ ၂၀၁၅ ခုနှစ်မှာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်း မရှိပါဘူး။ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ အစိုးရအသစ် ပေါ်ပေါက်လာပြီးတဲ့နောက်ပိုင်းမှာသာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းနိုင်ခဲ့တာကို အားလုံးပဲ အသိပဲဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ရှင်။ ကျွန်မတို့ အစိုးရသစ်လက်ထက်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွေအနေနဲ့ ချမှတ်ထားတဲ့ ရည်ရွယ်ချက်တွေကို ကြည့်မယ်ဆိုလို့ရှိရင် (က) တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှသော နိုင်ငံရေး၊ အခွင့်အရေးများရရှိစေရန်၊ (ခ) တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော

ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊ (ဂ) တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာ နှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ (ဃ)တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနဲ့ ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊ (င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နဲ့ (စ) ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန် ဆိုတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်ရှင်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ဦးစီးဌာန(၂)ခု ဖွဲ့စည်းထားရှိမယ်လို့လည်း သိရှိရပါတယ်။ ဦးစီးဌာန(၂)ခု အနေနဲ့ကတော့ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန ဆိုပြီးတော့ တွေ့ရှိရမှာဖြစ်ပါတယ်။ ၎င်းဌာန (၂)ခုရဲ့အောက်မှာလည်း ဌာနခွဲတွေ (၄)ခုစီ ထားရှိသွားမယ်လို့လည်း သိရှိရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က ယခင်ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေ အခန်း (၁)၊ အပိုဒ် ၂(ဆ) မှာပါတဲ့ အမျိုးသားပညာရေး ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များရဲ့ အနှစ်သာရများကို တန်ဖိုးထားမြှင့်တင်ပြီး ဘက်စုံတွေးခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်တဲ့ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနဲ့ ခေတ်စနစ်ရဲ့ လိုအပ်ချက်များနဲ့ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိတဲ့ ပညာရေးကိုဆိုတယ် ဆိုတဲ့အချက်နဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် လုပ်ဆောင်မယ်ဆိုရင်ဖြင့် ကျွန်မတို့ရဲ့ တိုင်းရင်းသားဒေသတွေမှာ အစစ အရာရာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ အဆိုရှင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ ရည်ရွယ်ချက်တွေဟာလည်း အလိုလိုရရှိလာမှာ ဖြစ်ပါ တယ်ရှင်။ ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေး နှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျေးဇူးတင်ပါကြောင်းနှင့် မှတ်တမ်းတင်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ တိုင်းရင်းသားဆိုတဲ့ စကားလုံးကို အကြောင်းအရာတစ်ခု နောက်ခံပြီးတော့ ဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားဆိုတဲ့ စကားလုံးဟာလည်း ကျွန်တော်တို့ တော်တော်လေး ဝိဝါဒ ကွဲလွဲနေတဲ့ စကားလုံးတစ်လုံး ဖြစ်ပါတယ်။ ဒီအဆိုရှင် တင်တဲ့အချိန်မှာတော့ တိုင်းရင်းသားဆိုရင် ဗမာ မပါသလိုလို ဖြစ်နေတာကို တွေ့ရပါတယ်။ တချို့နေရာတွေမှာ ဗမာက တိုင်းရင်းသားဖြစ်သလား၊ မဖြစ်ဘူးလား၊ ကျွန်တော်တို့ အကြောင်းအရာတစ်ခုကို ကျွန်တော် တင်ပြချင်တာကတော့ လွန်ခဲ့တဲ့အချိန်မှာ ချင်းပြည်နယ်မှာ တင်ဒါခေါ်တဲ့အချိန်မှာ တိုင်းရင်းသားတွေပဲ လျှောက်ခွင့်ရှိတဲ့အကြောင်း စည်းမျဉ်းစည်းကမ်းမှာ ရေးပါတယ်။ သို့သော်လည်းပဲ တကယ့်တကယ်လာလျှောက်တဲ့သူက တင်ဒါဖွင့်တဲ့ချိန်မှာ ဗမာလည်း တိုင်းရင်းသားပဲ ဆိုပြီးတော့ ပြည်နယ်မှာလုပ်တဲ့ ပြည်နယ်မြို့တစ်ခုမှာလုပ်တဲ့ တင်ဒါကို မြေပြန့်ကလူတွေပဲ အကုန်လုံးလာယူသွားတာမျိုးလည်း တွေ့ရပါတယ်။ ဆိုတဲ့အခါကျတော့ ဒီတိုင်းရင်းသား ဆိုတဲ့စကားလုံးကိုလည်း နောင်မှာ ကျွန်တော်တို့ ဘယ်လိုသုံးသင့်သလဲဆိုတာကို အကြံပြု ဆွေးနွေးချင်ပါတယ်။ ပအိုဝ်းအဖွဲ့တွေကတော့ တိုင်းရင်းသားဆိုတဲ့ စကားလုံးအစား ပြည်ထောင်စုသားဆိုပြီးတော့ သုံးရန်လည်း အဆိုပြုနေတာလည်း ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားဆိုတဲ့ စကားလုံးသုံးနှုန်းတဲ့ အချိန်မှာလည်း စဉ်းစားစရာတစ်ခုဖြစ်နေတဲ့အကြောင်း ကျွန်တော် ပထမဆုံး တင်ပြလိုပါတယ်။

ဒုတိယမှာ အားလုံးသိတဲ့အတိုင်းပဲ အဆိုအကြောင်းကို ဆွေးနွေးရမယ်ဆိုရင် လွန်ခဲ့တဲ့အစိုးရကတော့ ပြည်ခိုင်ဖြိုးအစိုးရ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အဆိုရှင်ဟာဆိုရင် ပြည်ခိုင်ဖြိုးပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်မှာ ဥက္ကဋ္ဌ လုပ်တဲ့ တစ်ဦးဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက မဆောင်ရွက်နိုင်ခဲ့တဲ့ အရာတစ်ခုကို NLD အစိုးရခေတ်မှာ အဆိုလာတင်သွင်းတာကတော့ NLD အစိုးရ အတွက်တော့ ဂုဏ်ယူစရာဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်။ အဆိုကိုကြည့်မယ်ဆိုလို့ရှိရင် အဆိုကကောင်းပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒီကိစ္စကို အပြည့်အဝအကောင်အထည်ဖော်လို့ ရမလားဆိုတာကို စဉ်းစားလိုက်လို့ရှိရင် ကျွန်တော်တို့ ဒီအစိုးရမှာလည်း စနစ်မပြောင်းမချင်း အပြည့်အဝအကောင်အထည်ဖော်လို့ရမယ့် အဆိုမျိုး မဟုတ်ပါဘူး။ ဒီလိုဖြစ်နေတာကတော့ ဘာကြောင့်လဲဆိုတာ စနစ်လွဲနေလို့သာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဖက်ဒရယ်အစိုးရ မရမချင်း၊ ဖက်ဒရယ်စနစ် မကျင့်သုံးမချင်း၊ ပြီးတော့ ငြိမ်းချမ်းရေးမရမချင်း အဆိုရှင်တင်သွင်းတဲ့အကြောင်းအရာတွေက ကျွန်တော်တို့ လုပ်လို့ရမှာတော့ မဟုတ်ပါဘူး။ အတိုင်းအတာတစ်ခုလောက်ပဲ လုပ်လို့ရမှာဖြစ်ပါတယ်။ ဖက်ဒရယ်အစိုးရမှာတော့ ဒါတွေက ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်တွေပဲ ဖြစ်ပါတယ်။ အခုမှာ ခက်တာကတော့ ပြည်နယ်အစိုးရ ရှိသော်လည်းပဲ သူတို့ဟာသူတို့ ဘာမှ ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်မှုမပါဘဲနဲ့ မလုပ်ရဲ၊ မကိုင်ရဲတဲ့အခြေအနေမျိုးမှာဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ဒီအဆို အောင်မြင်ဖို့ရန်အတွက်တော့ ကျွန်တော်တို့နိုင်ငံမှာ ဖက်ဒရယ်ကျင့်သုံးဖို့ လိုပါတယ်။ ဖက်ဒရယ်ကျင့်သုံးမှ ငြိမ်းချမ်းရေးရမယ်။ ဒီအချိန်မျိုးမှာတော့ ကျွန်တော်တို့ ဒီကိစ္စတွေလည်းပဲ အောင်မြင်လာမှာဖြစ်တဲ့အကြောင်းကို ကျွန်တော် ပထမဆုံး တင်ပြလိုပါတယ်။ တကယ့်တကယ်ကျတော့ နှစ်ပေါင်း(၅၀) အတွင်းမှာ NLD ပါတီနဲ့ NLD အစိုးရကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေကို ဦးစားအပေးဆုံးပါတီနှင့်

အစိုးရ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့ အစိုးရအဖွဲ့အစည်းမှာ တာဝန်ပေးမှုအပိုင်းကို ကြည့်မယ်ဆိုလို့ရှိရင်လည်း တိုင်းရင်းသားမျိုးနွယ်စုတွေကို ဦးစားပေးတယ်။

ကျွန်တော်တို့ လွှတ်တော်အပိုင်းမှာလည်း ကြည့်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားမျိုးနွယ်စုတွေကို ဦးစားပေးနေတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ဒီမှာ လုံလောက်သလားဆိုရင်တော့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ စနစ်ပြောင်းလဲလုပ်ပြီးတော့ ဒီထက် ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက် ပိုပြီးတော့ဆောင်ရွက်ဖို့လည်း လိုတဲ့အကြောင်းကို တင်ပြချင်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ လုံးဝ ဒီကိစ္စတွေကို လုပ်ကိုင်ခွင့်မရှိဘူးလားဆိုရင်တော့ မေးလို့ရှိရင်တော့ အဲဒီလိုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေမှာလည်း ကျွန်တော်တို့ ဖော်ပြထားတာတွေ့ရပါတယ်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၄ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့်ဘာသာစကား သင်ကြား၊ သင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံမူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်သည်လို့ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို တိုက်တွန်းချင်တာကတော့ ဥပဒေမှာပါရှိတဲ့အတိုင်းပဲ ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သင့်တဲ့အကြောင်း ဒီအချိန်ကနေစပြီးတော့ ဒီလို ဆောင်ရွက်သင့်တဲ့အကြောင်းကိုလည်း ကျွန်တော် တိုက်တွန်းချင်ပါတယ်။

ကျွန်တော်တို့ အခုဒီလိုမျိုးမလုပ်ဘူးဆိုရင် ကျွန်တော်တို့ တိုင်းတစ်ပါးရဲ့ အရင်လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးသွားသလိုပဲ တိုင်းတစ်ပါးရဲ့ စာပေတွေကလည်း ကျွန်တော်တို့ လာကျူးကျော်နေတာကိုလည်း တွေ့ရပါတယ်။ အခု အရင် ကိုယ်စားလှယ်ဆွေးနွေးသွားတဲ့ “ဝ” ဒေသမှာဆိုရင် တရုတ်စာပေနဲ့ စကားတွေကပဲ လွှမ်းမိုးနေတာတွေ၊ ပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာဆိုရင်လည်း အခု မီဇူရမ် စာပေနဲ့ စကားက လွှမ်းမိုးစပြုလာပါပြီ။ တာဟန်း၊ ကလေးမြို့နဲ့ စစ်ကိုင်းတိုင်းမှာရှိတဲ့ တမူးဘက်မှာဆိုရင်လည်း အဲဒီလိုပါပဲ။ ဒီ မီဇူရမ်စာပေတွေ လာလွှမ်းမိုးနေတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ လက်ရှိအစိုးရမှာလည်း ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်တဲ့အတိုင်းအတာအထိ စတင်ပြီးတော့ အကောင်အထည်ဖော် သင့်တဲ့အကြောင်းကို ကျွန်တော် တင်ပြချင်ပါတယ်။ ဒီ ပြောပြောနေကျတာက မျိုးနွယ်စုကလည်း များလွန်းအားကြီးတယ်။ ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့ ခက်တယ်ဆိုတာမျိုးအကြောင်းပြချက် ပြောနေတာကိုလည်း တွေ့ရပါတယ်။ သို့သော်လည်းပဲ၊ ကျွန်တော်တို့ ချင်းပြည်နယ်မှာဆိုလို့ရှိရင် အများဆုံးပေါ့နော်၊ ပြောနေကြတာ၊ ချင်းမှာ(၅၃)မျိုးကွဲတယ်ဆိုတာ ကျွန်တော်တို့ တကယ့်တကယ်တော့ မကွဲပါဘူး။ အဲဒီလောက်ကြီး၊ ကျွန်တော်တို့ ကွဲတာတွေလည်း ကျွန်တော်တို့ ရာခိုင်နှုန်းနဲ့ကြည့်မယ် ဆိုလို့ရှိရင်လည်း နည်းနည်းချင်းပဲ ကွဲတာကို တွေ့ရပါတယ်။ မြို့နယ်တိုင်းမှာ ဒါကို အကောင်အထည်ဖော်လို့ရတဲ့အကြောင်းကိုလည်း တင်ပြချင်ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် (၄)တန်းထိ သင်ခွင့်ရပါတယ်။ အဲဒီမှာ အားလုံး မသင်မနေရတော့ မဟုတ်ပါဘူး။ သို့သော်လည်းပဲ မသင်လို့ရှိရင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်တွေကို မရနိုင်တာကိုတွေ့ရပါတယ်။ အဲဒီလို အမှန်ဆိုရင် အကောင်အထည်ဖော်လို့ ရတဲ့အကြောင်းကိုလည်း ကျွန်တော် တင်ပြချင်ပါတယ်။ နောက်တစ်ခုက အဆိုရှင် တင်သွင်းတဲ့အထဲ

မှာပါဝင်တဲ့ ကလေးတက္ကသိုလ်ကျောင်းကို ကျွန်တော် ပြောချင်ပါတယ်။ အဲဒီတုန်းက ကျွန်တော် ကလေးတက္ကသိုလ်ဟာ ချင်းပြည်နယ်အတွင်းမှာရှိပါလျက်နဲ့ ဘာကြောင့် ကလေးတက္ကသိုလ်လို့ မှည့်ထားသလဲဆိုပြီး မေးခွန်းမေးခဲ့ပါတယ်။ အရင်လွှတ်တော်တုန်းက၊ ဝန်ကြီးက လာဖြေတာကတော့ ဒါ ပြည်နယ်ရဲ့နာမည်ကိုမှည့်တဲ့ ဓလေ့ထုံးစံမရှိလို့ အနီးဆုံးတည်ရှိတဲ့မြို့ကို အခြေခံပြီးတော့ မှည့်တာ ဖြစ်ပါတယ်လို့ ပြောပါတယ်။ တကယ့်တကယ်ကျတော့ အမေရိကန်ကို ကြည့်မယ်ဆိုရင် သူတို့ရဲ့ တက္ကသိုလ်တော်တော်များများဟာ ပြည်နယ်နာမည်ကို မှည့်တာတွေ့ပါတယ်။ အဲဒါကြောင့် အဲဒီ အချိန်တုန်းက ကျွန်တော်တို့ ထပ်ဆင့်မေးခွန်း မေးခွင့်မရခဲ့လို့ ကျွန်တော် ဒီမှာ ဒီအကြောင်းအရာကို ထပ်ပြီးတော့ တင်ပြချင်ပါတယ်။

နောက်ဆုံးအနေနဲ့ နိဂုံးချုပ်ချင်တာကတော့ ဒီအဆိုဟာဆိုရင် ကျွန်တော်တို့ ကောင်းပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဖက်ဒရယ်မရမချင်း၊ ငြိမ်းချမ်းရေးမရမချင်း၊ အပြည့်အဝ အကောင်အထည် ဖော်နိုင်တဲ့အရာ မဟုတ်တဲ့အတွက်ကြောင့် မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် ၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသား စာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အဆိုတင်သွင်းရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ဝေးလံခေါင်သီတဲ့ဒေသများမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေး၊ အမျိုးသားနိုင်ငံရေးဆိုင်ရာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ သက်ဆိုင်သည့်အဆိုဖြစ် ကြောင်း ရှင်းလင်းခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်း ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားအပါအဝင် (၁၃၅)ကျော်သော တိုင်းရင်းသားများ အတူတကွ မှီတင်းနေထိုင်လျက်ရှိကြပါတယ်။ တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကထားရမည့် အမျိုးသားရေးဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး စသည်တို့နဲ့စပ်လျဉ်းသည့်အချက်အလက်များ တန်းတူညီမျှ ရရှိရန်လည်း အရေးကြီးလှပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း

တိုင်းရင်းသားများ၏ ရပိုင်ခွင့် အခွင့်အရေးများနှင့် ပတ်သက်သည့် အကြောင်းအရာများ ပါရှိပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားလူနည်းစုကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကို ပထမအကြိမ်၊ ပြည်ထောင်စု လွှတ်တော်မှာ ပြဋ္ဌာန်းခဲ့ပြီး ယခုအစိုးရလက်ထက်တွင်မှာလည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးဌာနအနေနဲ့ ဥပဒေကို အသက်ဝင်ပြီး တိုင်းရင်းသားများ အရေးကိစ္စမှန်သမျှကို ထဲထဲဝင်ဝင် ပိုမိုအားစိုက် ကူညီဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုထဲမှာ ပါရှိတဲ့ကိစ္စရပ်ထဲမှာ တိုင်းရင်းသားမျိုးနွယ်စုများအတွက် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေး၊ တိုင်းရင်းသားစာပေ ထွန်းကား နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် တောင်ပေါ်ဒေသမှာနေတဲ့ တိုင်းရင်းသားများ၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန်အတွက် ပို၍ အားထည့် ဆောင်ရွက်ပေးသင့်ပါတယ်။ ကျွန်တော်တို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပညာရေးအတွက် စာသင်ကျောင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်ပေးဖို့ လိုနေပါတယ်။ ကိုးကန့်တိုင်းရင်းသားများ၊ ကျောင်းသားလူငယ်များ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း အခြားဒေသများနည်းတူ အခါအားလျော်စွာ ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု တင်ပြလိုပါတယ်။ အခါသင့်လို့ တင်ပြရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်အတွင်းရှိ (၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင် ကိုးကန့်တိုင်းရင်းသားများကို ချန်လှပ်ပြီးပေးခဲ့မှုများ ရှိနေပါသေးတယ်။ ကျွန်တော် ကိုယ်တိုင် ၁၉၈၇ ခုနှစ်က ဆဋ္ဌမတန်းပညာသင်ယူစဉ်က နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းမှာ လာရောက်ပေးခဲ့သော်လည်း ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားကို မပေးခဲ့ပါ။ လ.ဝ.က ရုံးတွင် ထိုခေတ်က ငွေကျပ်(၁၀၀၀)ပေးပြီး ယူခဲ့ရတဲ့သာဓကများရှိပါကြောင်း အခွင့်ကြုံလို့ တင်ပြလိုပါတယ်။ ယခု ဒီမိုကရေစီအစိုးရ၏ ရက်(၁၀၀)စီမံချက်တွင် ကွမ်လုံမြို့နယ်နဲ့ လားရှိုးမြို့နယ်များတွင် (၁၀)နှစ် ပြည့် ကိုးကန့်ကျောင်းသူ၊ ကျောင်းသားများရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း မပေးဘဲ လ.ဝ.က ရုံးများတွင် ငွေကျပ်(၁၅၀၀၀) ပေးနေရခြင်းကို စိတ်မကောင်းစွာ ကြားသိနေရပါသေးတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းရင်းသားများအားလုံး တန်းတူညီမျှသော အခွင့်အရေးနဲ့ အခွင့်အရေးဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်းနဲ့ သို့မှသာ ကိုးကန့်တိုင်းရင်းသား မျိုးဆက်သစ် လူငယ်များအတွက် စွမ်းဆောင်ရည်စိတ်ဓာတ်များကို မြှင့်တင်ရာလည်း ရောက်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကိုချစ်တဲ့ စိတ်၊ အမျိုးကိုချစ်တဲ့စိတ် ကိန်းအောင်းလာစေရန်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လွှမ်းမိုးမှုမခံရအောင် မိမိနိုင်ငံရဲ့လုံခြုံရေးကို အသိပညာဖြင့် ထိန်းကျောင်းနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်ကြားရေး များကိုလည်း အားပေးဆောင်ရွက်သင့်ပါတယ်။ ဥပမာအနေဖြင့် ၁၉၈၉ ခုနှစ်မှ စတင်၍ ငြိမ်းချမ်းရေး ယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာရှိတဲ့ တိုင်းရင်းသားလူငယ်များနဲ့ နိုင်ငံ တစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားလူငယ်များအား သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံတဲ့လူငယ်များကို န.တ.လ ကျောင်းများကဲ့သို့ စစ်တက္ကသိုလ်သင်တန်းများသို့ တက်ရောက်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲမှုအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်သီတဲ့ဒေသမှာရှိတဲ့ တိုင်းရင်းသားများအား ပညာရေးအားပေးမှုလိုတဲ့အပြင် ကျန်းမာရေးကိုလည်း အစဥ်ဂရုစိုက်ပေးပြီး ခေတ်ပညာတတ်များဖြစ်လာရန်နှင့် ယနေ့ ကျွန်တော်တို့ လျှောက်လှမ်းနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးမှာ တိုင်းရင်းသားများအနေဖြင့် တစ်ထောင့်တစ်နေရာကနေ တာဝန်ယူနိုင်မှာဖြစ်တဲ့အတွက် အဆိုရှင် ဦးခင်အောင်မြင့် အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၉။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ ညီနောင်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ မိမိတို့ရဲ့ အလွန်ဝေးလံခေါင်သီပြီး အခက်ခဲဆုံးဒေသများဖြစ်တဲ့ (၁၂၈)မြို့နယ်ကို အခြေခံ၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လိုအသုံးအနှုန်း အနည်းအကျဥ်း ထည့်သွင်း ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားလိုပါတယ်။ အဆိုရှင်ကလဲ ဝေးလံခေါင်သီတဲ့ဒေသများမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးနွယ်စုအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲစေရေး ဖြစ်ပါစေလို့ ဆိုပါတယ်။ စကားပုံမှာရှိသလို မရှိလို့မလှူ၊ မလှူတော့မရှိ၊ ပညာမရှိဘူး၊ တန်းတူညီမျှမှုမရှိဘူး၊ ဥပဒေပြဋ္ဌာန်းပြီးပြီ အဲဒီလိုပြောနေရုံနဲ့ နောက်ကျနေတဲ့ တိုင်းရင်းသားများကို ကူညီရာမရောက်ပါဘူး။ တိုင်းရင်းသားလူမျိုးများ ကာကွယ်တဲ့ ဥပဒေကြမ်းမှာ ကျွန်တော်တို့ ပထမအကြိမ် လွှတ်တော်အစည်းအဝေးမှာလည်း အကြိတ်အနယ် တစ်နှစ်ခွဲလောက် ဆွေးနွေးပြီးခါမှ ကွယ်ပျောက်လုနီးပါးဖြစ်သောလူမျိုးကို အထူးလူမျိုးသတ်မှတ်ပြီး အစိုးရမှ မိမိတို့ခြေပေါ် ရပ်တည်လာနိုင်တဲ့အထိ ဘက်စုံပံ့ပိုးရန်ဆိုတဲ့ ပုဒ်မလေးတစ်ခုတော့ ထည့်သွင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ Action Speaks louder than Work အပြောထက် အလုပ်ကအရေးကြီးပါတယ်။

ဒါ့ကြောင့် တစ်ပြေးညီတိုးတက်အောင် လုပ်ဖို့နည်းလမ်းတစ်ခုပဲ ရှိပါတယ်။ အဲဒီ ဝေးလံခေါင်သီ ရှားပါးတဲ့ဒေသရှိတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို အဆင့်မြင့်ပညာရေး၊ အသက်မွေးဝမ်းကျောင်းနဲ့ နိုင်ငံတော်ရဲ့အရေးကြီးတဲ့ ဗိုလ်လောင်းတက္ကသိုလ်များ၊ ရဲအရာရှိသင်တန်းကျောင်းများ စသည်တို့တွင် သက်မှတ်ချက်များကိုလျှော့ပေါ့၍ ခွဲတမ်း Quota စနစ်ကို ထည့်သွင်း ဆွေးနွေးလိုပါတယ်။ ဒီနေ့ ပြည်မမှာရှိတဲ့ ပေ(၄၀၀)၊ (၁၀၀)၊ (၂၀၀)စတဲ့ လမ်းမကြီးတွေ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးတွေ၊ အဆောက်အအုံယန္တရားကြီးတွေ၊ အလျှံအပယ် ထွန်းညှိထားတဲ့ လျှပ်စစ်မီးတွေကို တောင်ပေါ်ဒေသကို တစ်ပြေးညီပေးပါလို့ မဆိုလိုပါဘူး။ ပညာရေး၊ ကျန်းမာရေးတွေမှာ သတ်မှတ်ချက်တွေလျှော့ပေါ့ပြီး ကျောင်း Sanction များ၊ ဝန်ထမ်း၊ လိုင်စင် စသည်တို့ကို ဝန်ကြီးဌာနမှ တိုးမြှင့်ပေးလာတာတွေကိုတွေ့ရတော့ များစွာမှပင် ကျေးဇူးတင်မိပါတယ်။ ဝေးလံခေါင်သီ သတ်မှတ်ထားတဲ့

(၁၂၈)မြို့နယ် အရဆိုရင် Quota က(၄၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပထမလွှတ်တော်မှာလည်း ကျွန်တော်တို့ တောင်းခံခဲ့ကြတော့ ဒေါက်တာဖေသက်ခင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ မကွေးဆေးတက္ကသိုလ်မှာ (၃)ရာခိုင်နှုန်း ပေးခဲ့ပါတယ်။ ကျွန်တော့်ပူတာအိုခရိုင်ကလည်း တစ်ဦးတက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဂုဏ်ထူး(၆)ဘာသာမပြောနဲ့ အောင်ဖို့တောင် ကျွန်တော်တို့ တောင်ပေါ်ဒေသမှာဆိုရင် ဘုရားကယ်မှ ရပါတယ်။

ဆရာ၊ ဆရာမက မလောက်၊ ဆရာမ သုံး၊ လေးဦး သင်ရမယ့်ဘာသာရပ်တစ်ခုကို စေတနာ အရင်းခံပြီးမှ အင်္ဂလိပ်၊ Bio ၊ Physics ၊ Chemistry လေးဘာသာကို ဆရာ ဦးကံဖန် ဆိုတဲ့ တစ်ဦး တည်းက သင်ပေးခဲ့ရတဲ့အတွက် ဆရာနဲ့တကွ မြင့်မြတ်တဲ့ ဆရာ၊ ဆရာမများ အားလုံးကို ဒီနေရာကနေ ကျေးဇူးဂါရဝ ပြုအပ်ပါတယ်ခင်ဗျာ။ ခေါင်လုံဖူး အ.ထ.က ကျောင်း ဆိုရင် အောင်သူမရှိဖြစ်နေခဲ့တာ ဒီနှစ်ဆိုရင် (၆)နှစ်ဆက်တိုက် ဖြစ်ပါတယ်။ ဆရာ၊ ဆရာမများက ကျွန်တော်တို့ တောင်ပေါ်ဒေသများမှာ တာဝန်ကျပြီဆိုရင်ပဲ မဲဇာတောင် ပို့ခံရသလိုပဲ ခံယူကြပါတယ်။ အပို့ခံရသလိုပါပဲ။ အလုပ်ပြုတ်ခံလိုက် ပါတယ်။ ရောက်လာတဲ့ ဆရာ၊ ဆရာမတွေကလည်း Home Sick အိမ်လွမ်းတဲ့ဝေဒနာနဲ့ပဲ အပြောင်း အရွှေ့ ပြောင်းရေး၊ ရွှေ့ရေးကိုပဲ လုပ်နေကြတော့ မူလတန်းမှာ တစ်ကျောင်းမှာဆိုရင် ဥပမာ ဆရာမ(၂)ဦး၊ (၃)ဦးလောက်နဲ့ပဲ စခန်းချနေကြရပါတယ်။ လမ်းပန်း ဆက်သွယ်ရေးကလည်း မကောင်း၊ ဆရာ၊ ဆရာမကလည်း မလုံလောက်၊ ခရီးကလည်းဝေး၊ အနေဆင်းရဲ၊ အစားဆင်းရဲ၊ ငတ်တစ်ချီ၊ ပြတ်တစ်လှည့်နဲ့ စစ်ဘေးကလည်း ရှောင်ရသေးတယ်။ သဘာဝဘေးအန္တရာယ် ကလည်းထုထောင်း၊ ကျောင်းမှန်မှန် တက်ရဖို့အရေး ကျီးလန့်စာစား၊ အသက်နဲ့စတေးပြီး ကြိုးစားနေကြရတဲ့ တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး ဆိုတာ အိပ်မက်လား နက်နဲလှတဲ့ ဝေါဟာရတစ်ခု ဖြစ်နေဆဲပါပဲ။ Quota ကို အိန္ဒိယဆို ခက်ခဲတဲ့ တိုင်းရင်းသားဒေသတွေမှာ ပါဝင်နှုန်းက (၂၁)ရာခိုင်နှုန်း ဖြစ်ပါတယ်။ တရုတ်ပြည်ဆိုရင် (၂၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဖိလစ်ပိုင်ဆိုရင် (၂၂)ရာခိုင်နှုန်း၊ မြန်မာဆိုရင် (၃)ရာခိုင်နှုန်း အင်မတန် နည်းပါးနေပါ သေးတယ်။ ဒါကြောင့် (၄၀)ရာခိုင်နှုန်း မဟုတ်တာတောင်မှ (၃၀)လောက်တော့သတ်မှတ်ပြီး Synchronize လုပ်ပေးလိုက်မယ်ဆိုရင် အနှစ်(၂၀)လောက်အကြာမှာ တောင်ပေါ်၊ မြေပြန့် တစ်ပြေးညီအတိုင်း ဖြစ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၊ နိုင်ငံ့ဝန်ထမ်းကောင်းများလည်း မွေးထုတ်ပေးရာရောက်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာကြတော့ အခု သတ်မှတ်ထားတဲ့ (၃၀)ရာခိုင်နှုန်းလည်း ဖြုတ်သိမ်းလို့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် အထူးတလည် ဆွေးနွေးလိုတာကတော့ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ ပြည်သူပိုင်သိမ်းလိုက်တဲ့ Mission School တွေပဲ ဖြစ်ပါတယ်။ အဲဒီ Mission School တွေကြောင့် ပညာတတ်ကျောင်းသူ၊ ကျောင်းသားများဖြစ်တဲ့ ဝိုင်အမ်ဘီအေ၊ ဝိုင်အမ် စီအေ စတဲ့အဖွဲ့အစည်းတွေ ဝံသာနုလှုပ်ရှားမှုအဖွဲ့များ ပေါ်ပေါက်လာပြီး ဗိုလ်ချုပ်အောင်ဆန်း နှင့်တကွ ခေါင်းဆောင်ကြီးများ ပေါ်ပေါက်ကာ လွတ်လပ်ရေး အရယူပေးနိုင်ခဲ့ပါတယ်။ ၁၉၅၀ ကျော် မှာဆိုရင် Asia Tiger လို့တောင် အမိမြန်မာနိုင်ငံကို တင်စားခဲ့ကြပါတယ်။ ပင်မအကြောင်းအရင်း ကတော့ ပညာရေးဖောင်ဒေးရှင်းလုပ်တဲ့နေရာမှာ ဘယ်သူနဲ့မှမတူတဲ့ Missionary School က Fathers, Sisters, Brothers, တွေ Teachers တွေကတော့ အစွမ်းကုန်ကြိုးစားပေးခဲ့လို့ပဲ ဖြစ် ပါတယ်။ အင်္ဂလိပ် သင်ခဲ့တဲ့နေရာမှာတော့ ဘယ်သူမှ မမီပါဘူး။ သူတို့တွေကတော့ အိမ်ထောင်လည်း

မပြုဘဲ စေတနာ၊ ဝါသနာ၊ ကရုဏာ အရင်းစစ်စစ်ကိုခံ၍ အပြည့်အဝ ဆက်ကပ်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ သင်ကြားပို့ချ ပေးတဲ့နေရာမှာကော၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားပေးခဲ့ပါတယ်။ KG ဆိုရင် သုံးတန်း၊ Grade One လောက်ကနေစပြီးတော့ Marching ချီတက်လမ်းလျှောက်တာတွေ အားကစား၊ ဘောလုံး၊ ဘောလီဘော၊ ဘတ်စကတ်ဘောစတဲ့ ကစားပြိုင်ပွဲတွေကို ဆို၊ က၊ ရေး၊ တီး စတဲ့ စကားရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ စတဲ့ ဘက်စုံကြိုးစားပေးခဲ့လို့ပဲ ဖြစ်ပါတယ်။

ပြည်သူ့နီတိလို့ခေါ်တဲ့ Ethic ၊ ကိုယ်ကျင့်သိက္ခာပိုင်းဆိုတဲ့ Moral စိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ကိုင်တွယ်တဲ့ Attitude Problem ကိုင်တွယ်မှုကအစ ခရေစေ့တွင်းကျကျ ပြုစု ပျိုးထောင်ပေးခဲ့ပါတယ်။ ဒါကြောင့် ဒီလို ဘက်စုံပညာရေးကို လက်ဆင့်ကမ်းပေးခဲ့တဲ့ မတရား အသိမ်းခံရတဲ့ Mission School တွေ Hospital တွေကို နဂိုမူလပိုင်ရှင်တွေဖြစ်တဲ့ ဘာသာ၊ သာသနာ တွေကို စနစ်တကျလွှဲအပ်ပေးသင့်ပါတယ်။ ပညာရေး၊ ကျန်းမာရေးကိုလည်း သူတို့ကို တစ်ထောင့် တစ်နေရာက ဆက်လက်ပါဝင်ပံ့ပိုးစေရန် ကူညီတောင်းခံဖို့ကလည်း ရှက်ရမယ့်အရာ မဟုတ်ပါဘူး။ လက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံတော်အကြီးအကဲနှစ်ဦးနဲ့ခေါင်းဆောင်များကလည်း Mission ကျောင်းထွက်တွေပါပဲ။ အဲဒီအချိန်မှာကြတော့ ဒေသအတွင်းမှာ အိမ်နီးချင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံတွေ လိုပဲ ကိုယ်ပိုင်ကျောင်းများ၊ အစိုးရကျောင်းများ၊ Mission School တွေအားလုံး တက်ညီလက်ညီ တရားသောယှဉ်ပြိုင်မှု ပြုလုပ်နိုင်ကြတော့မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေကျင်းပပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အနုပညာ၊ သုခုမ တိုးတက်ပြန့်ပွားအောင် လုပ်ဆောင်နေကြတာလည်း ဂုဏ်ယူမိပါတယ်။ တိုင်းရင်းသား သီချင်းဆိုပြိုင်ပွဲဆိုတာတော့ မကြားဖူးသေးပါဘူး။ တိုင်းရင်းသားသီချင်းတွေလည်း မြန်မာ တိုင်းရင်းသား သီချင်းတွေလို ယှဉ်ပြိုင်ခိုင်းသင့်ပါတယ်။ ဒါမှလည်း တစ်ပြေးညီ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ တောင်ပေါ်၊ မြေပြန့်မကျန် ကျောင်းသူ၊ ကျောင်းသားတွေကို အဓိက ခြိမ်းခြောက် တိုက်ခိုက်ခံနေရတာကတော့ မူးယစ်ဆေးဝါးပဲ ဖြစ်ပါတယ်။ ပြတ်ပြတ်သားသားနှိမ်နင်းတဲ့ သမ္မတ ဒူတာဒေးကို ဖိလစ်ပိုင်ပြည်သူတွေ၊ Pinoy တွေကတစ်ခဲနက် ထောက်ခံနေကြပါတယ်။ အကြမ်းဖက် သမားတွေကိုလည်း သူကတော့ အရှင်လတ်လတ်ဝါးစားပစ်မယ်လို့ ပြောပါတယ်။ ဒါကို ကျွန်တော်တို့ အစိုးရကလည်း စံပြုနမူနာ ထားသင့်ပါတယ်။ ကျွန်တော်တို့အစိုးရလည်း သန္နိဋ္ဌာန်ချရမယ့်အချိန် ရောက်နေပါပြီ။ ကျွန်တော့်မိတ်ဆွေ တစ်ဦးကတော့ သူ့ရဲ့သား၊ တစ်ဦးတည်းသောသား အခြောက် ဖြစ်သွားမှာ တအားစိုးရိမ်နေပါတယ်။ သမီးရှင်တွေလည်း ယောက်ျားလျာဖြစ်သွားမှာကို စိုးရိမ်နေကြ မှာပဲ။ သဘာဝအတိုင်း ကြီးပြင်းတိုးတက် မြင့်မားလာတာကို အကောင်းဆုံးနည်းလမ်းတွေ ချမှတ်ပြီး ပြုစုပျိုးထောင်ကာကွယ်ပေးသွားကြပါစို့လို့ ဆွေးနွေးရင်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးနဲ့ တိုင်းရင်းသားစာပေ ထွန်းကားရေး တို့ကို အထူးစီမံကိန်းချ၍ စဥ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၁း၃၀နာရီအချိန်တွင် ရပ်နားပါသည်။]